# လစဉ်ခြုံငုံသုံးသပ်ချက်

# Monthly Overview

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

ဖေဖော်ဝါရီလ ၂၀၂၅ ခုနှစ်

HURFOM

Human Right Foundation of Monland February 2025

# ခြုံငုံသုံးသပ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း အကျဉ်းချုပ်

## မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အပါအဝင် နေရပ်စွန့်ခွာ စစ်ဘေးရှောင်နေရသူများကို ပစ်မှတ်ထား တိုက်ခိုက်မှုများသည် မြင့်မားစွာ ဖြစ်ပွားနေသည်။

ဖေဖော်ဝါရီလ ၂၀၂၅

ပြီးခဲ့သည့်လတွင် စစ်ကောင်စီက အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် တိုက်ခိုက်မှုများကို စိုးရိမ်ပူပန်ဖွယ်ကောင်းအောင် ပိုမိုပြုလုပ်လာသည်ကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မှတ်တမ်းတင်တွေ့ရှိခဲ့သည်။ မြန်မာနိုင်ငံတွင် တည်ငြိမ်မှုပျက်ပြားနေရခြင်းသည် စစ်ကောင်စီက ၎င်းတို့၏ မတရားအာဏာသိမ်းမှုကို ဆန့်ကျင်နေသည့် တော်လှန်ရေးအင်အားစုများကို အထင်အမြင်သေးနေခြင်းကြောင့် ဖြစ်သည်။

စစ်မြေပြင်တွင် ရှုံးပွဲများ ကြုံတွေ့နေရသည့် စစ်ကောင်စီက ခုခံကာကွယ်နိုင်စွမ်းမရှိသည့် အားနည်းသူများကို ရန်ပြုလာသည်။ ထို့ကြောင့် အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများသည် လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုတို့၏ သားကောင်များ ဖြစ်လာသည်။ စစ်ကောင်စီက အကြမ်းဖက်မှုကို လက်နက်တစ်ခုသဖွယ် အသုံးပြုလာသည်။

ယခုလအစောပိုင်းတွင် မွန်ပြည်နယ် ရေးမြို့နယ်၌ စစ်ကောင်စီက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ဘဲလမုကျေးရွာအုပ်စု ဝယ်ပသဲကျေးရွာကို လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့ရာ စစ်ရှောင်ပြည်သူ (၂) ဦးအပါအဝင် အမျိုးသမီး (၃) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

ဇန်နဝါရီလ (၂၄) ရက်နေ့ညတွင် ရေးမြို့နယ် အခြေစိုက် အမှတ် (၃၁၇) ခြေမြန်တပ်ရင်းမှ တပ်သားများက ဝယ်ပသဲကျေးရွာကို လက်နက်ကြီး (၅) လုံးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့သည်။ လက်နက်ကြီးသည် ကျေးရွာအတွင်း ကျရောက်ပေါက်ကွဲပြီး

- နော်မူတင် (အသက် (၂၈) နှစ်) သည် လည်ပင်းတွင် ဒဏ်ရာရခဲ့သည်။
- နော်မူချီ (အသက် (၁၈) နှစ်) သည် အောက်မေးရိုးနှင့် လည်ပင်းတွင် ဒဏ်ရာရခဲ့သည်။
- နော်မူပေါ် (အသက် (၂၅) နှစ်) သည် ကျောအောက်ပိုင်းတွင် လက်နက်ကြီးစ ထိမှန်ခဲ့သည်။

“လက်နက်ကြီး (၅) လုံး ကျတာ။ (၂) ယောက်ကတော့ ဒဏ်ရာတော်တော်ပြင်းတယ်။ လမိုင်းဆေးရုံကို ပို့ထားတယ်။ ကိုယ်ထဲမှာ လက်နက်ကြီးစတွေ စိုက်ဝင်နေတုန်းပဲ။ နောက်အမျိုးသမီးတစ်ယောက်ကတော့ ရွာက ဆရာဝန်ဆီမှာပဲ ဆေးကုနေတယ်” ဟု ဒဏ်ရာရသူများကို ကူညီပေးနေသည့် စေတနာ့ဝန်ထမ်းတစ်ဦးက ပြောသည်။

နော်မူတင်နှင့် နော်မူချီတို့ နှစ်ဦးစလုံးသည် စစ်ကောင်စီ၏ စစ်ကြောင်းထိုးမှုကြောင့် ထွက်ပြေးတိမ်းရှောင်လာရသည့် စစ်ရှောင်ပြည်သူများ ဖြစ်သည်။

နော်မူတင်သည် ကြာအင်းဆိပ်ကြီးမြို့နယ် ရွာသာအောင်ကျေးရွာမှ ဖြစ်ပြီး ဘဲလမုကျေးရွာ အုပ်စုတွင် မိသားစုနှင့်အတူ စစ်ရှောင်နေခြင်း ဖြစ်သည်။ နော်မူချီသည် ကြာအင်းဆိပ်ကြီးမြို့နယ် အနန်းကွင်းကျေးရွာမှ စစ်ရှောင်လာခြင်း ဖြစ်ပြီး မိသားစုနှင့်အတူ ဝယ်သပဲတွင် ခိုလှုံနေခြင်း ဖြစ်သည်။

## ဖေဖော်ဝါရီလ ၂၀၂၅

နော်မူပေါ်ကမူ ဝယ်ပသဲဇာတိဖြစ်ပြီး ၎င်း၏နေအိမ်အနီးတွင် လက်နက်ကြီးကျရောက် ပေါက်ကွဲသဖြင့် ထိခိုက်ဒဏ်ရာရခဲ့သည်။

ရေးမြို့နယ်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေသည်။ ဇန်နဝါရီလ (၉) ရက်နေ့တွင် တိုက်ပွဲဖြစ်ပွားပြီးနောက် စစ်ကောင်စီတပ်ဖွဲ့ဝင်များက ကျုံလောင်းကျေးရွာကို စစ်ကြောင်းထိုးဝင်ရောက်လာပြီး အိုင်ပုတ်ကျေးရွာအနီးတွင် ဒေသခံအမျိုးသား (၂) ဦးကို သတ်ဖြတ်ခဲ့သည်။ ရွာသားအများအပြားကိုလည်း ဘိုကလေးဘုန်းတော်ကြီးကျောင်းတွင် ဖမ်းဆီးထိန်းသိမ်းထားသည်။ စစ်ကောင်စီက အဆိုပါဒေသတွင် ဆက်လက်စစ်ကြောင်းထိုးနေ သဖြင့် တိုက်ပွဲဖြစ်ပြီး နေရပ်စွန့်ခွာတိမ်းရှောင်ရမည်ကို ဒေသခံများက ကြောက်ရွံ့နေကြသည်။

နောက်ထပ်ဖြစ်စဉ်တစ်ခုတွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဖားကျကျေးရွာကို စစ်ကောင်စီက လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့သဖြင့် အသက် (၂၀) အရွယ် မိန်းကလေးငယ် (၁) ဦး သေဆုံးပြီး အသက် (၁၂) အရွယ် ကလေးငယ် (၁) ဦး ဒဏ်ရာရခဲ့ကြောင်း ကရင်အမျိုးသားအစည်းအရုံး(ဗဟို)က ထုတ်ပြန်သည်။

တိုက်ပွဲဖြစ်ပွားခြင်းမရှိသော်လည်း ဖေဖော်ဝါရီလ (၁) ရက်နေ့ နေ့ခင်း (၂) နာရီခွဲအချိန်တွင် လက်နက်ကြီး ပစ်ခတ်ခဲ့သည်။ မြောက်ကုန်းတွင်တပ်စွဲထားသည့် အမှတ် (၁၂) တပ်ရင်းမှ စစ်ကောင်စီတပ်သားများက ၁၇၀-မမ လက်နက်ကြီးများ ပစ်ခတ်ခဲ့ရာ လက်နက်ကြီးကျည် များသည် ရာဘာခြံအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့သည်။ ရာဘာခြံတချို့ မီးလောင်ပျက်စီးခဲ့ပြီး နေအိမ်များလည်း ထိခိုက်ပျက်စီးခဲ့သည်။

အသက် (၂၀) အရွယ် ရွှေ့ပြောင်းလုပ်သားဖြစ်သူ နန်းမြင့်မြင့်စန်းသည် ရင်ဘတ်တွင် ပြင်းထန်ဒဏ်ရာ ရရှိခဲ့ပြီး သေဆုံးခဲ့သည်။ အသက် (၁၂) နှစ်အရွယ် မင်းပိုင်ပိုင်သည် လက်နက်ကြီးစ ထိမှန်ခဲ့သော်လည်း အသက်သေဆုံးခဲ့ခြင်း မရှိချေ။

စစ်ကောင်စီတပ်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လူနေကျေးရွာများကို ပစ်မှတ်ထားပြီး လက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်နေသဖြင့် လူထုအကြား ကြောက်ရွံ့မှုများ ပျံ့နှံ့နေသည်။

သို့သော် အမျိုးသမီးများသည် အားနွဲ့သူများဖြစ်သော်လည်း အကြမ်းဖက်မှုများကို ကြံ့ကြံ့ခံ ရင်ဆိုင်ကျော်လွှားပြီး ၎င်းတို့၏ ခေါင်းဆောင်နိုင်စွမ်းကို ပြသခဲ့သည်။ ၎င်းပြင် အရပ်သား ပြည်သူများအားလုံးကို အကြမ်းဖက်တိုက်ခိုက်မှုမှ ကာကွယ်ရန် စည်းရုံးလှုံ့ဆော်ခဲ့ကြသည်။

စစ်ကောင်စီက တနင်္သာရီတိုင်း ထားဝယ်နှင့် ရေဖြူမြို့နယ်အစပ်ရှိ ရန်ကုန် - ထားဝယ်ကားလမ်း အရှေ့ဘက်ခြမ်းတွင် ထိုးစစ်များကို ဆက်လက်လုပ်ဆောင်နေသည်။ ကျေးရွာ (၆) ရွာမှာ ရွာလုံးကျွတ် ထွက်ပြေးတိမ်းရှောင်နေရကြောင်း ဒေသခံများနှင့် တော်လှန်ရေးတပ်ဖွဲ့များက ပြောသည်။

ဖေဖော်ဝါရီလ (၁၇) ရက်နေ့မှစ၍ အင်အား (၂၀၀) ခန့်ရှိသည့် စစ်ကောင်စီစစ်ကြောင်းသည် ထားဝယ်မြို့နယ် ရေဝိုင်းကျေးရွာသို့ စစ်ကြောင်းထိုးလာသည်။ ဖေဖော်ဝါရီလ (၁၈) ရက်နေ့တွင် ကင်းကုန်းကျေးရွာအနီးရှိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၏ စခန်းတစ်ခုကို သိမ်းပိုက်ပြီး မီးရှို့ဖျက်ဆီးခဲ့သည်။

ဖေဖော်ဝါရီလ (၁၇) ရက်နေ့တွင် စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်နေသဖြင့် ရေဝိုင်း၊ ကင်းကုန်းနှင့် ခေါင်တိုင်ပြင်ကျေးရွာများမှ ဒေသခံပြည်သူများ ထွက်ပြေးတိမ်းရှောင် နေရသည်။ စစ်ကြောင်းထိုးရာလမ်းကြောင်းတလျှောက်ရှိ ပဒိုင်းချောင်း၊ ရဲအိုင်နှင့် ပခပ်အင်း ကျေးရွာများမှ ဒေသခံပြည်သူများသည် အနီးအနားရှိ တောတောင်များသို့ ဘေးလွတ်ရာထွက်ပြေးခဲ့ရသည်။

## ဖေဖော်ဝါရီလ ၂၀၂၅

စစ်ကောင်စီလော်ဘီ တယ်လီဂရမ်ချန်နယ်တစ်ခုက ကင်းကုန်းကျေးရွာအနီးတွင် နယ်မြေ ရှင်းလင်းရေး လုပ်ဆောင်နေကြောင်း၊ ထိတွေ့မှု ဖြစ်ပွားပြီး ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၏ စခန်းတစ်ခုကို သိမ်းပိုက်ခဲ့ကြောင်း၊ လက်နက်ခဲယမ်းများနှင့် မိုင်းရှာစက်များကို သိမ်းဆည်းရမိ ခဲ့ကြောင်း ဖော်ပြထားသည်။

ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်တစ်ဦး၏ ရုပ်အလောင်းကိုလည်း ရရှိခဲ့ကြောင်း ပြောဆိုထားသည်။

ဒေသခံပြည်သူများကမူ အဆိုပါပြောကြားချက်ကို ငြင်းဆန်ပြီး စစ်ကောင်စီတပ်က ရွာသားကို ပြည်သူ့ကာကွယ်တပ်ဖွဲ့ဝင်အဖြစ် စွပ်စွဲပြီး သတ်ဖြတ်ခဲ့ကြောင်း ပြောသည်။ သတ်ဖြတ်ခံရသူ မည်သူမည်ဝါဖြစ်သည်ကိုမူ စုံစမ်းနေဆဲ ဖြစ်သည်။

“ခုထိ ရွာမပြန်ရသေးတော့ အသေးစိတ်ကို မသိရဘူး။ ဒါပေမဲ့ သူတို့က ရွာသားတစ်ယောက်ကို ပစ်သတ်လိုက်တယ်လို့တော့ ကြားတယ်” ဟု ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

တော်လှန်ရေးအရင်းအမြစ်ဘက်ကမူ ထိခိုက်သေဆုံးမှုများကို ရှောင်လွှဲရန်အတွက် တိုက်ပွဲမဖြစ်ခင် ကတည်းကပင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များ ဆုတ်ခွာခဲ့ပြီးဖြစ်ကြောင်း ပြောဆိုထားသည်။

ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် တိုက်ပွဲများ ဆက်လက် ဖြစ်ပွားနေသည့် ကင်းကုန်းကျေးရွာသို့ ရောက်ရှိလာသည်။ စစ်ကြောင်းထိုးလာသဖြင့် တော်လှန်ရေးတပ်ဖွဲ့များကလည်း ဒရုန်းဖြင့် ပြန်လည်တိုက်ခိုက်ခဲ့သည်။ စစ်ကြောင်းထိုးရာ လမ်းကြောင်းတလျှောက်တွင် စစ်ကောင်စီတပ်က တပ်စွဲထားပြီး အင်အားအများအပြား ဖြည့်တင်းနေသည်။

တိုက်ပွဲပြီးဆုံးမည့် အရိပ်အယောင်ကို မတွေ့ရှိရသဖြင့် ရေအိုင်၊ ပဒိုင်းချောင်း၊ ခေါင်တိုင်ပြင်၊ ပခပ်အင်း၊ ကင်းကုန်း နှင့် ရေဝိုင်းကျေးရွာများမှ ဒေသခံပြည်သူ (၁,၀၀၀) ကျော်သည် (၅) ရက်ကြာသည့်တိုင်အောင် ပုန်းအောင်းနေရသည်။ မည်သည့်အချိန်တွင် အိမ်ပြန်နိုင်မည်ကို မသိရှိရချေ။

၂၀၂၁ မအောင်မြင်သည့် အာဏာသိမ်းမှုနောက်ပိုင်း မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးမှု ပျက်သုဉ်းသွားပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတွင်လည်း အလားတူပင် ဖြစ်သည်။

အဆိုပါအခြေအနေကို အခွင့်ကောင်းယူပြီး စစ်ကောင်စီတပ်နှင့် အုပ်ချုပ်ရေးမှူးများက ဘုရားပွဲများ၊ ပွဲလမ်းသဘင်များနှင့် ရိုးရာနတ်ပွဲများတွင် လောင်းကစားဝိုင်းများကို ထည့်သွင်းလာပြီး ၎င်းတို့ ကိုယ်ကျိုးအတွက် ငွေရှာလာကြသည်။

မွန်ပြည်နယ် မော်လမြိုင်၊ မုဒုံ၊ ရေးနှင့် ချောင်းဆုံမြို့နယ်များတွင် လောင်းကစားဝိုင်းများ နေ့စဉ်ကျင်းပနေပြီး စစ်ကောင်စီခန့် အရာရှိများက အဆိုပါလောင်းကစားဝိုင်းများထံမှ ငွေကြေးလိုက်လံကောက်ခံနေသည်။

“ချောင်းဆုံမှာ ပွဲမရှိတဲ့ရက်ကို မရှိဘူး။ ဒီရွာမှာ မရှိရင် ဟိုရွာမှာ ရှိမယ်။ ပွဲတိုင်းမှာလည်း လောင်းကစားဝိုင်းတွေ ရှိတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

ရေးမြို့နယ်မြောက်ပိုင်း ဟံဂံ၊ ရင်ဒိန်း၊ ရင်းရယ်၊ ကဗ္ဗာဝ၊ ကဗ္ဗာကြီးနှင့် မန်ကျည်းကျေးရွာများတွင် ရိုးရာနတ်ပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိသည်။

ခါဇာအခြေစိုက် အမှတ် (၃၁) ခြေမြန်တပ်ရင်းက ရိုးရာနတ်ပွဲများတွင် လောင်းကစားဝိုင်းများ ထည့်သွင်းကျင်းပရန် ခွင့်ပြုထားသည်။ စစ်တပ်နှင့် အုပ်ချုပ်ရေးမှူးများက လမိုင်း၊ အစင်နှင့် ဓီးဖြူသောင်ဘက်တွင်လည်း လောင်းကစားဝိုင်းများ ကျင်းပနေကြောင်း ရေးတောင်ပိုင်းမှ ဒေသခံပြည်သူများက ပြောသည်။

## ဖေဖော်ဝါရီလ ၂၀၂၅

"အစတော့ ရင်းရယ်မှာ လောင်းကစားဝိုင်း (၃) ရက် လုပ်တယ်။ မွန်လက်နက်ကိုင်က လာတားလို့ ပိတ်လိုက်တယ်။ နောက်တော့ နယ်မြေအာဏာပိုင်က ခွင့်ပြုတော့ လောင်းကစားဝိုင်းတွေ ပြန်လုပ်လာတယ်။ အခုတော့ နေရာတိုင်းပဲ။ စစ်တပ်က ပိုက်ဆံလာကောက်တယ်။ တစ်ဝိုင်း ဘယ်လောက် သူတို့သတ်မှတ်ထားတယ်" ဟု ရေးဒေသခံတစ်ဦးက ပြောသည်။

ပွဲတော်တစ်ခုတွင် လောင်းကစားဝိုင်းရာချီ ရှိနေပြီး ကစားဝိုင်းတစ်ခုလျှင် ငွေကျပ် (၁) သိန်းမှ (၃) သိန်းအထိ စစ်တပ်နှင့် အုပ်ချုပ်ရေးမှူးများကို အခပေးနေရသည်။ တနင်္သာရီတိုင်း လောင်းလုံးမြို့နယ်တွင်လည်း အလားတူဖြစ်ပွားနေသည်။ ၂၀၂၄ ခုနှစ်နှောင်းပိုင်းကတည်းက ရိုးရာနတ်ပွဲများတွင် လောင်းကစားဝိုင်းများ ထည့်သွင်းလာသည်။

"စစ်တပ်တစ်ခုတည်း မဟုတ်ဘူး။ ဒီကလက်နက်ကိုင်တွေကလည်း လောင်းကစားဝိုင်းတွေကို ခွင့်ပြုလာတယ်။ ခွင့်ပြုတယ်ဆိုမှတော့ အပေးအယူတော့ ရှိတာပေါ့" ဟု ရွာသားတစ်ဦးက ပြောသည်။

လောင်းလုံးမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က လောင်းကစားဝိုင်းများကို ယခင်က ဖမ်းဆီးတိုက်ဖျက်ခဲ့သော်လည်း နောက်ပိုင်းတွင် ပြန်လည်ခွင့်ပြုပေးမှုများ ရှိလာသည်။

ထိုင်း - မြန်မာနယ်စပ်တလျှောက်ရှိ "အွန်လိုင်းငွေလိမ်လုပ်ငန်းများ" ကို တိုက်ဖျက်ရန်အတွက် ဟုဆိုကာ ထိုင်းအစိုးရက အဓိကကျသည့် နယ်စပ်နေရာ (၅) ခုကို လျှပ်စစ်မီး ဖြတ်တောက်ခဲ့သည်။ ၂၀၂၅ ဖေဖော်ဝါရီလ (၅) ရက်နေ့ နံနက် (၉) နာရီမှစ၍ စက်သုံးဆီတင်ပို့ရောင်းချခြင်းကိုပါ ပိတ်ပင်လိုက်သည်။ အဆိုပါဖြတ်တောက်ပိတ်ပင်မှုများက "ငွေလိမ်လုပ်ငန်းများ" ကို ပစ်မှတ်ထား သော်လည်း ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့မှ ဒေသခံပြည်သူများသည် လည်း နောက်ဆက်တွဲပြဿနာများကို ရင်ဆိုင်နေရသည်။ သောက်သုံးရေ ပြတ်လပ်ခြင်း၊ စက်သုံးဆီဈေးတက်ခြင်း နှင့် အခြေခံဝန်ဆောင်မှုများ ရပ်တန့်ခြင်းတို့ကို ထောင်ပေါင်းများစွာသော ပြည်သူများက ကြုံတွေ့ခံစားနေရသည်။

လျှပ်စစ်မီးပြတ်တောက်မှုကြောင့် ရေသန့်စက်ရုံများ ရပ်တန့်သွားပြီး သောက်သုံးရေ ပြတ်လပ်ကာ ဈေးနှုန်းမြင့်တက်လာသည်။ ဒေသခံတွင်းစက်ရုံဖြစ်သည့် မြပန်းရေသန့်စက်ရုံက ထုတ်လုပ်မှု ရပ်နားလိုက်သဖြင့် သောက်သုံးရေပြတ်လပ်သွားသည်။ ယခင်က ရေသန့်တစ်ဗူးလျှင် ထိုင်းဘတ် (၁၀) ဘတ် ရှိရာမှ ယခုတွင် (၂၅) ဘတ်အထိ ဈေးနှုန်းမြင့်တက်လာသည်။

"လျှပ်စစ်မီး မရှိတော့ ရေစက်လည်း မောင်းလို့မရဘူး။ ရေကားနဲ့ လာရောင်းတာကို ဝယ်သုံးနေရတယ်" ဟု ဘုရားသုံးဆူဒေသခံတစ်ဦးက ပြောသည်။

လျှပ်စစ်မီးပြတ်တောက်ပြီး (၁၀) ရက်အကြာတွင် ဘုရားသုံးဆူ၌ စက်သုံးဆီဈေးနှုန်းများ အဆမတန်မြင့်တက်လာသည်။ ယခင်က တစ်လီတာလျှင် (၃၅) ဘတ်သာ ရှိခဲ့သော်လည်း မီးဖြတ်ပြီးနောက်ပိုင်း စက်သုံးဆီတစ်လီတာကို ဘတ် (၆၀) အထိ ပေးဝယ်နေရသည့်အပြင် လိုသလောက်လည်း ဝယ်ယူ၍ မရချေ။

"ဆီဆိုင်အတော်များများက "လက်ရှိမှာ ဘုရားသုံးဆူမြို့ပေါ်က စက်သုံးဆီအရောင်းဆိုင်အများစုက "ဆီကုန်နေပြီ" ဆိုတဲ့ ဆိုင်းဘုတ်တွေ ကပ်ထားပြီး ဆိုင်ပိတ်ထားတယ်" ဟု ဘုရားသုံးဆူမြို့ခံတစ်ဦးက ပြောသည်။

ထိုင်းနိုင်ငံ၏ လျှပ်စစ်မီးဖြတ်တောက်မှုဒဏ်ကို ထိုင်း - မြန်မာနယ်စပ် မွန်ပြည်သစ်ပါတီ ထိန်းချုပ်ဒေသ ဂျပန်ရေတွင်းနှင့် ကြိတောရွာရှိ မွန်အမျိုးသားကျောင်းမှ ကျောင်းသားကျောင်းသူ များကလည်း ခံစားနေရသည်။

"အခုက မီးမလာတော့ ရေရဖို့ ရေတွင်းမှာ သွားခပ်ရတယ်။ ရေတွင်းက ဝေးတယ်။ စာကျက်ရမယ့်အချိန်မှာ ရေခပ်

ရေရှာနေရတာနဲ့ အချိန်ကုန်နေတယ်” ဟု အမျိုးသား ကျောင်းဆရာတစ်ဦးက ပြောသည်။

လျှပ်စစ်မီးမရရှိသဖြင့် သင်ခန်းစာများလေ့လာရာတွင် လည်း အခက်အခဲများ ဖြစ်ပေါ်နေသည်။

“စာမေးပွဲက နီးနေပြီ။ မေးခွန်းလွှာတွေ ထုတ်ဖို့က မီးမရှိတော့ ထုတ်မရဘူး။ ကလေးတွေဆိုလည်း ညဘက်စာကျက်ရင် ဖယောင်းတိုင်နဲ့ ကျက်နေရတယ်။ ဖယောင်းတိုင်ကို သူတို့မုန့်ဖိုးနဲ့ ဝယ်ရတာ” ဟု ဂျပန်ရေတွင်းမှ ကျောင်းဆရာ တစ်ဦးက ပြောသည်။

ဂျပန်ရေတွင်းကျေးရွာ မွန်အမျိုးသားကျောင်းတွင် ကျောင်းသားကျောင်းသူ (၁၅၀) ဦး ရှိပြီး ကြံတောကျေးရွာရှိ မွန်အမျိုးသားကျောင်းတွင် ကျောင်းသားကျောင်းသူ (၄၇) ဦး ပညာသင်ယူ နေကြသည်။

ဘုရားသုံးဆူမြို့ကို ထိန်းချုပ်ထားသည့် ဒီမိုကရေစီအကျိုးပြု ကရင့်တပ်မတော် (DKBA)က လျှပ်စစ်မီးနှင့် လောင်စာဆီများကို ယခင်ကအတိုင်း ပြန်လည်ရရှိရန် အစွမ်းကုန်ကြိုးပမ်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီလ (၉) ရက် နေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

၎င်းပြင် ဘုရားသုံးဆူမြို့ရှိ ကျားဖြန့်အွန်လိုင်းငွေလိမ် လုပ်ငန်းနှင့် မတရားမဝင် လောင်းကစား ဝိုင်းများကို နှိမ်နင်းမည်ဟု ကတိပေးခဲ့ပြီး တရုတ်နိုင်ငံသားများအနေဖြင့် ဖေဖော်ဝါရီလ (၂၈) နေ့နောက်ဆုံးထားပြီး မြို့မှ ထွက်ခွာကြရန် အမိန့်ထုတ်ထားသည်။

## မတရားဖမ်းဆီးမှုများ

မတရားဖမ်းဆီးမှုများသည် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းဧရိယာတွင် စိုးရိမ်ဖွယ်ကောင်းသည့် အကြမ်းဖက်မှုအဖြစ် ဆက်လက်တည်ရှိနေသည်။ အထူးသဖြင့် လူငယ် လူရွယ်များကို စစ်ကောင်စီက ဖမ်းဆီးပြီး စစ်မှုထမ်းသင်တန်းသားအဖြစ် အဓမ္မစုဆောင်းနေသည်။

မွန်ပြည်နယ် ဘီးလင်းမြို့နယ်မှ အသက် (၅၀) အရွယ် ဆံသဆရာတစ်ဦးကို စစ်ကောင်စီက (၂) လကျော်ကြာ ဖမ်းဆီးထိန်းသိမ်းပြီးနောက် သတ်ဖြတ်လိုက်သည်။ မိသားစုဝင်များအတွက်မူ ဝမ်းနည်းကြေကွဲရုံမျှတစ်ပါး အခြားအဖြေ မရှိခဲ့ချေ။

ဦးမြင့်နိုင်သည် တောင်စွန်းကျေးရွာ ဘုရင့်နောင်ရပ်ကွက်မှ ဆံသဆရာတစ်ဦး ဖြစ်ပြီး စစ်ကောင်စီတပ်ဖွဲ့ဝင်များက ၎င်း၏ဆံသဆိုင်ကို ဝင်ရောက်စီးနင်းကာ အကြောင်းပြချက်မရှိ ဖမ်းဆီးခေါ်ဆောင်သွားသည်။ ထိုနေ့မှစ၍ မိသားစုဝင်များက ၎င်း၏သတင်းကို မကြားသိ ရတော့ချေ။ ၂၀၂၅ ဇန်နဝါရီလ (၃၁) ရက်နေ့ ဖမ်းဆီးခံရပြီး (၂) လကျော်အကြာတွင် ဦးမြင့်နိုင်သည် စစ်ဆေးမေးမြန်းစဉ် သေဆုံးသွားခဲ့ကြောင်း သတင်းများထွက်ပေါ်လာသည်။

“သူ့အတွက် ပြောစရာစကားတောင် မရှိတော့ဘူး။ အဖမ်းခံထားရချိန်မှာ သေသွားတာလို့ပဲ ကြားလိုက်ရတယ်” ဟု မိသားစုနှင့်နီးစပ်သူတစ်ဦးက ပြောသည်။

အဖမ်းခံရပြီးနောက်ပိုင်း မိသားစုဝင်များက ၎င်း၏သတင်းကို အပြင်းအထန် လိုက်လံရှာဖွေ ခဲ့သည်။ ရဲစခန်းသို့ သွားရောက်မေးမြန်းရာ ၎င်းတို့က စစ်တပ်က ဖမ်းခေါ်သွားကြောင်း ပြောသည်။ ထို့နောက် မည်သည့်နေရာတွင် ဖမ်းဆီးထားသည်၊ အခြေအနေမည်သို့ရှိသည်ကို မသိရှိရတော့ချေ။

အာဏာမသိမ်းမီအချိန်တွင် ဦးမြင့်နိုင်သည် လူမှုရေးလုပ်ငန်းများတွင် ပါဝင်ခဲ့ပြီး ၎င်း၏ အချိန်အများစုကို ပရဟိတလုပ်ငန်းများတွင်သာ အသုံးပြုခဲ့သည်။ အာဏာသိမ်းပြီးနောက် ဆံသဆရာတစ်ဦးအဖြစ် အသက်မွေးနေသည်။ ၎င်း၏မိသားစုသာမက ဒေသခံပြည်သူများကပါ အဘယ်ကြောင့်အဖမ်းခံရသည်ကို မသိရှိကြသကဲ့သို့ ဖမ်းဆီးထိန်းသိမ်းခံရစဉ်တွင် ဖြစ်ပွားခဲ့သည့် အကြောင်းအရာများကိုလည်း မသိရှိကြချေ။

၎င်း၏သေဆုံးမှုသည် ပွင့်လင်းမြင်သာမှု မရှိသည်ကို ကြည့်ခြင်းအားဖြင့် စစ်ကောင်စီသည် မတရားဖမ်းဆီးမှု

များ၊ အစအနပျောက်မှုများနှင့် ဖမ်းဆီးထိန်းသိမ်းထားစဉ် ညှဉ်းပန်းနှိပ်စက်မှု များကို မြန်မာနိုင်ငံတဝန်းလုံးတွင် ကျူးလွန်နေကြောင်း ထင်ရှားနေသည်။

သရက်ချောင်းမြို့နယ်မှ အမျိုးသမီး (၃) ဦးကို စစ်ကောင်စီတပ်သားများနှင့် အရပ်ဝတ် ရဲတပ်ဖွဲ့ဝင်များက ထားဝယ်မြို့ရှိ ဈေးဝယ်စင်တာတစ်ခုတွင် ဖမ်းဆီးသွားသည်။

ဖေဖော်ဝါရီလ (၄) ရက်နေ့တွင် ထားဝယ်မြို့မရဲစခန်းအနီးရှိ “အလှသစ်” ဈေးဝယ်စင်တာ၌ ဖမ်းဆီးသွားခြင်းဖြစ်သည်။

အမျိုးသမီး (၃) ◌ားသည် မင်္ဂလာဆောင်အခမ်းအနားတစ်ခုမှ ပြန်လာစဉ်တွင် စစ်သားများနှင့် အရပ်ဝတ်ရဲတပ်ဖွဲ့ဝင်များက အိမ်စီးကားဖြင့် ရောက်ရှိလာပြီး ၎င်းတို့ကို ဖမ်းခေါ်သွားသည်။

ဖမ်းဆီးခံရသူများမှာ မဇင်မာစိုး၊ မမီးအိနှင့် မဖြူဇင်ဖြိုးတို့ဖြစ်ကြပြီး အသက် (၂၀) မှ (၂၅) နှစ်ဝန်းကျင်များ ဖြစ်ကြကာ သရက်ချောင်းမြို့နယ် ရန်တောင်ကျေးရွာမှ ဖြစ်ကြသည်။

“အရပ်ဝတ်ရဲနဲ့ စစ်သားတွေက အိမ်စီးကားနဲ့ လာပြီး ဖမ်းသွားတာ” ဟု သရက်ချောင်းမြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။ ဖမ်းဆီးချိန်တွင် ၎င်းတို့၏ မော်တော်ဆိုင်ကယ် (၂) စီးကိုလည်း သိမ်းယူသွားသည်။

ဖမ်းဆီးပြီးနောက် အမျိုးသမီးများကို ထားဝယ်ခရိုင်ရဲစခန်းတွင် ထိန်းသိမ်းထားပြီး နောက်ပိုင်းတွင် ထားဝယ်မြို့မရဲစခန်းသို့ လွှဲပြောင်းချုပ်နှောင်ခဲ့သည်။

ဇန်နဝါရီလ တစ်လတည်းတွင်ပင် စစ်ကောင်စီက ကလေးငယ်နှင့် ကိုယ်ဝန်ဆောင်များအပါအဝင် ဒေသခံပြည်သူ (၁၀၀) ကျော်ကို ဖမ်းဆီးခဲ့သည်။ အဆိုပါဖမ်းဆီးမှုများကြောင့် ဒေသခံပြည်သူများ အကြား အကြောက်တရားနှင့် မလုံခြုံမှု ပျံ့နှံ့နေပြီး ဆိုးရွားလာသည့်ဖိနှိပ်အောက်တွင် ပြည်သူများ သည် ရုန်းကန်နေရသည်။

အခြားမတရားဖမ်းဆီးမှုဖြစ်စဉ်တစ်ခုတွင်လည်း တနင်္သာရီတောင်ပိုင်း မြိတ်မြို့ သက်ပြင် ရပ်ကွက်ရှိ သားသတ်ရုံတစ်ခုကို စစ်ကောင်တပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး အမျိုးသား အနည်းဆုံး (၈) ဦးကို ဖမ်းဆီးခဲ့သည်။ ထို့နောက် ၎င်းတို့ကို စစ်မှုထမ်းသင်တန်းသို့ ပို့ဆောင်ခဲ့ကြောင်း ဖမ်းဆီးခံရသူများနှင့် နီးစပ်သူတစ်ဦးက ပြောသည်။

ဖေဖော်ဝါရီလ (၂) ရက်နေ့ ည (၈) နာရီခွဲအချိန်တွင် စစ်ကောင်စီတပ်ဖွဲ့ဝင် (၂၅) ဦးခန့်သည် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အတူ သားသတ်ရုံကို စစ်ဆေးမည်ဟုဆိုကာ ဝင်ရောက်လာခဲ့သည်။

အမျိုးသားအယောက် (၂၀) ဝန်းကျင်ကို မိနစ် (၄၀) နီးပါး စစ်ဆေးပြီးနောက် အမျိုးသား (၁၀) ဦးကို မူးယစ်စစ်ဆေးအမှုဖြင့် ဖမ်းဆီးခဲ့သည်။ သို့သော် ဖြစ်စဉ်ကို သိရှိသူများကမူ အဆိုပါစွပ်စွဲချက်သည် ၎င်းတို့ကို စစ်မှုထမ်းသင်တန်းသားအဖြစ် အတင်းအဓမ္မစုဆောင်းရန် အကြောင်းပြချက်သာဖြစ်ကြောင်း ပြောသည်။

ဖမ်းဆီးသွားသူများကို မြိတ်မြို့ရှိ လေတပ်စခန်းသို့ ခေါ်ဆောင်သွားသည်။ ညဘက်တွင် ၎င်းတို့ကို ထားဝယ်စုရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်သွားပြီး နောက်ပိုင်းတွင် မြိတ်မြို့နယ် ရွှေဒူးကျေးရွာရှိ စစ်သင်တန်းကျောင်းသို့ စစ်မှုထမ်းသင်တန်းသားအဖြစ် ပို့ဆောင်လိုက်သည်။ ဖမ်းဆီးခံရသူများအနက်မှ (၂) ဦးကို ပြန်လည်လွှတ်ပေးခဲ့သည်။ တစ်ဦးမှာ ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ မိသားစုဝင်ဖြစ်နေပြီး နောက်တစ်ဦးမှာ မသန်းစွမ်းဖြစ်နေသဖြင့် အာမခံဖြင့် လွှတ်ပေးခဲ့ခြင်း ဖြစ်သည်။

“သူတို့က လူဖမ်းပြီး စစ်မှုထမ်းပို့ဖို့ အကြောင်းအမျိုးမျိုးနဲ့ လာကြတာ။ ရပ်ကွက် အုပ်ချုပ်ရေးမှူးတွေက ဖမ်းဆီးတာကို ဦးဆောင်ကြတာ” ဟု မြိတ်မြို့ခံတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်နှစ်မှစ၍ စစ်ကောင်စီက မြိတ်မြို့တွင် လုံခြုံရေးတင်းကြပ်ထားပြီး ညဘက်တွင် ဝင်ရောက်စီးနင်းမှုများနှင့် ဖမ်းဆီးမှုများကို လုပ်ဆောင်နေသည်။ ဧည့်စာရင်းစစ်ဆေးသည်

## ဖေဖော်ဝါရီလ ၂၀၂၅

ဟူသော ခေါင်းစဉ်အောက်တွင် နေအိမ်များကို မကြာခဏ ဝင်ရောက်စီးနင်းပြီး ဖမ်းဆီးမှုများကို လုပ်ဆောင်နေသည်။ ဒေသခံပြည်သူများအကြား အကြောက်တရားနှင့် မသေချာမှုများ ကြီးစိုးနေသည်။

အဆိုပါဖမ်းဆီးမှုများတွင် လူငယ်များကို ပစ်မှတ်ထားနေသည်။ ရေဖြူမြို့နယ် ကံပေါက်အခြေစိုက် မောရဝတီရေတပ်က အသက် (၁၇) နှစ်အရွယ် ယောကျ်ားလေးတစ်ဦးကို ဖေဖော်ဝါရီလ (၆) ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးခံရပြီးနောက် သတင်းအစအန ပျောက်ဆုံးသွားသည်။

ဆယ်ကျော်သက်ယောကျ်ားလေးဖြစ်သူ ကိုဟိန်းသည် ဖားချောင်းကျေးရွာအုပ်စု တောင်ရင်းအင်း ကျေးရွာမှ ဖြစ်ပြီး သူငယ်ချင်း (၂) ဦးနှင့်အတူ ဂန့်ဂေါကျေးရွာကို ဆိုင်ကယ်ဖြင့် သွားစဉ် စစ်ကားတစ်စီးဖြင့် ကင်းလှည့်နေသည့် မောရဝတီရေတပ်မှ စစ်ကောင်စီတပ်သားများက ရပ်တန့်စစ်ဆေးခဲ့သည်။

စစ်ဆေးပြီးနောက် သူငယ်ချင်းဖြစ်သူ (၂) ဦးကို ပြန်လွှတ်ပေးခဲ့သော်လည်း ကိုဟိန်းကိုမူ ဖမ်းဆီးခေါ်ဆောင်သွားသည်။

“စစ်ဆေးနေတုန်း သူ့ဖုန်းမှာ ဘာတွေ့သွားလဲ မသိဘူး။ ဖမ်းသွားပြီးတော့ ဘာသတင်းမှလည်း မကြားရတော့ဘူး။ သူ့မိသားစုကတော့ သူ့သတင်းကို လိုက်စုံစမ်းနေတာပေါ့။ ဒါပေမဲ့ ဘာမှမထူးဘူး” ဟု မိသားစုနှင့် နီးစပ်သူတစ်ဦးက ပြောသည်။

မိသားစုဝင်များသည် ၎င်း၏သတင်းကို ဖေဖော်ဝါရီလ (၁၂) ရက်နေ့အထိ မကြားသိရချေ။ လိုက်လံမေးမြန်းစုံစမ်းနေသော်လည်း အာဏာပိုင်များထံမှ အကြောင်းပြန်ချက်တစ်စုံတရာ မရရှိခဲ့ချေ။

အာဏာသိမ်းပြီးနောက်ပိုင်း မောရဝတီရေတပ်က ဖမ်းဆီးသွားသူအများအပြားသည် သတင်းအစအန ပျောက်ဆုံးနေကြောင်း ဒေသခံများက ပြောသည်။ မည်သည့်နေရာသို့ ဖမ်းဆီးသွားသည်၊ အသက်ရှင်လျက်ရှိသည် မရှိသည်ကို မသိရှိနိုင်ချေ။

၂၀၂၄ ခုနှစ်တွင်လည်း အဆိုပါဒေသမှ သက်ကြီးပိုင်းအမျိုးသားတစ်ဦးကို မောရဝတီရေတပ်က ဖမ်းဆီးခဲ့သေးသည်။ အလောင်းပြန်လာယူရန် စစ်တပ်က မဆက်သွယ်ခင်အချိန်အထိ ၎င်း၏ သတင်းအစအနကို မိသားစုဝင်များက မသိရှိရချေ။ အထက်ပါကဲ့သို့သော အခြေအနေများက ကာယကံရှင်မိသားစုဝင်များကို အကြောက်တရားနှင့် မသေချာမှုများတွင် နေထိုင်နေစေခြင်း ဖြစ်သည်။ ၎င်းတို့ချစ်ခင်ရသည့်မိသားစုဝင်က “သေသလား ရှင်သလား” မသိရှိနိုင်သည့်အပြင် နောက်တစ်ဖန် ပြန်လည်ဆုံတွေ့နိုင်မည်လား ဆိုသည်မှာလည်း မသေချာချေ။

၎င်းပြင် မွန်ပြည်နယ် ရေးမြို့နယ်မြောက်ပိုင်း အမှတ် (၁၀၆) ခြေမြန်တပ်ရင်းက ဖမ်းဆီးသွားသည့် သားအဖနှစ်ဦးမှာလည်း (၂) လကျော်ကြာ ပျောက်ဆုံးနေပြီး မိသားစုဝင်များက ၎င်းတို့၏ လုံခြုံရေးအတွက် အလွန်အမင်းစိုးရိမ်ပူပန်နေသည်။

၂၀၂၄ ဒီဇင်ဘာလ (၁၃) ရက်နေ့တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက အသက် (၅၄) နှစ်အရွယ် ကိုစိုးနှင့် ဇနီးဖြစ်သူ မိဝတို့ကို မော့ကနင်ကျေးရွာအနီးတွင် ဖမ်းဆီးခဲ့သည်။ ဒီဇင်ဘာလ (၁၄) ရက်နေ့တွင် အသက် (၂၃) နှစ်အရွယ် သမီးဖြစ်သူ မသင်းသင်းစိုးကို နေအိမ်တွင် ထပ်မံဖမ်းဆီးခဲ့သည်။

မိဝကို ဖမ်းဆီးပြီး (၂) ပတ်အကြာတွင် ပြန်လည်လွှတ်ပေးခဲ့သော်လည်း ကိုစိုးနှင့် မသင်းသင်းစိုး တို့ကိုမူ မိသားစုဝင်များနှင့် အဆက်အသွယ်လုပ်ခွင့်မပေးဘဲ ဆက်လက်ထိန်းသိမ်းထားသည်။

ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို ကူညီထောက်ပံ့သည်ဟူသော စွပ်စွဲချက်ဖြင့် ဖမ်းဆီးခဲ့ခြင်း ဖြစ်ပြီး နေအိမ်ကိုလည်း ဝင်ရောက်စီးနင်း ရှာဖွေခဲ့သည်။ “မသင်းသင်းစိုးကတော့ လက်ရှိမှာ အမှတ် (၅၈၈) ခြေမြန်တပ်ရင်းမှာ အဖမ်းခံထားရတယ်။ ကိုစိုးကိုတော့ မော်လမြိုင်က တပ်ရင်းတစ်ခုမှာ ထိန်းသိမ်းထားတယ်။ အဖမ်းခံရတဲ့နေကလည်း သူတို့ကို ရိုက်နှက်တယ်၊ ရေနွေးနဲ့ ပက်တယ်၊ နေပူလှန်းပြီး နှိပ်စက်တယ်” ဟု မိသားစု၏ ရင်းနှီးသည့်မိတ်ဆွေတစ်ဦးက ပြောသည်။

ဖခင်နှင့် သမီးဖြစ်သူကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် တရားစွဲရန် စီစဉ်ထားသည်ဟု သိရသော်လည်း တရားဝင်ထုတ်ပြန်ချက် မရှိသေးချေ။

## ဖေဖော်ဝါရီလ ၂၀၂၅

ဒေသခံများ၏ ပြောပြချက်အရ ၎င်းတို့ကို ဖမ်းဆီးမှုသည် နိုင်ငံရေးကိစ္စထက် ငွေကြေးအငြင်းပွားမှု ပြဿနာကြောင့်သာ ဖြစ်ကြောင်း သိရသည်။ ကိုစိုး၏သားဖြစ်သူသည် အမှတ် (၁၀၆) တပ်ရင်းမှ တပ်မှူးနှင့်ရင်းနှီးသူ အမျိုးသမီးတစ်ဦးထံမှ ငွေကျပ်သိန်း (၂၀၀) ချေးယူခဲ့ပြီး နေ့စဉ်အတိုးပေးရန် ပျက်ကွက်ခဲ့သည်။ ၎င်းအမျိုးသမီးက သူတို့မိသားစုကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် ပတ်သက်သည်ဟု တိုင်ကြားခဲ့ပြီးနောက် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။

ထိုကဲ့သို့ စွပ်စွဲခံနေရသော်လည်း ကိုစိုးတို့မိသားစုသည် နိုင်ငံရေးကိစ္စနှင့် ပတ်သက်ဆက်နွယ် နေခြင်း မရှိချေ။ ၎င်းတို့သည် ကွမ်းသီးရောင်းဝယ်ရေး၊ ဥယျာဉ်ခြံလုပ်ငန်းနှင့် ရာဘာပင် ရောင်းဝယ်ရေးတို့ဖြင့် စီးပွားရေးလုပ်ကိုင်နေသူများ ဖြစ်သည်။

၂၀၂၅ ဇန်နဝါရီလအထိ စစ်ကောင်စီက မွန်ပြည်နယ်တဝန်းလုံးမှ ဒေသခံပြည်သူ (၅၀) ကျော်ကို ဖမ်းဆီးခဲ့သည်။ ၂၀၂၄ ဒီဇင်ဘာလ တစ်လတည်းတွင် ရေးမြို့နယ်မှ ဒေသခံပြည်သူ (၁၇) ဦး ဖမ်းဆီးခံခဲ့ရပြီး (၁၁) ဦးကို နောက်ပိုင်းတွင် ပြန်လည်လွှတ်ပေးခဲ့သည်။

### လေကြောင်းတိုက်ခိုက်မှုများ

၂၀၂၄ ဇွန်လမှ ဒီဇင်ဘာလအတွင်း ပြည်နယ်နှင့်တိုင်း (၁၂) ခုတွင် လေကြောင်းတိုက်ခိုက်မှု (၂,၁၅၅) ကြိမ် ပြုလုပ်ခဲ့ကြောင်း Airstrikes Report for Myanmar က မှတ်တမ်းတင်ခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုသည် ပြည်သူတို့၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ခြိမ်းခြောက်နေသည်။

တော်လှန်ရေးအင်အားစုများနှင့် တိုက်ပွဲဖြစ်ပွားနေစဉ်အတွင်း တနင်္သာရီမြို့နယ် ထုံမခါကျေးရွာကို စစ်ကောင်စီတပ်က လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ရာ ဒေသခံပြည်သူများ၏ နေအိမ်များ မီးလောင်းပျက်စီးခဲ့သည်။

၂၀၂၅ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် ညောင်ပင်ကွင်းကျေးရွာအခြေစိုက် အမှတ် (၅၆၁) ခြေမြန်တပ်ရင်းမှ စစ်ကောင်စီတပ်ဖွဲ့ဝင် (၁၀၀) နီးပါးသည် ထုံမခါကျေးရွာဘက်သို့ စစ်ကြောင်းထိုးလာသည်။

နောက်တစ်ရက်တွင် စစ်ကောင်စီက တိုက်လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ခြေလျင် စစ်ကြောင်းကလည်း နေအိမ်များကို ရည်ရွယ်ချက်ရှိရှိ မီးရှို့ခဲ့သည်။

တော်လှန်ရေးတပ်ဖွဲ့ဝင်တစ်ဦး၏ ပြောကြားချက်အရ စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုကြောင့် ဖေဖော်ဝါရီလ (၃) ရက်နေ့ တစ်ရက်တည်းတွင်ပင် ထုံမခါကျေးရွာမှ နေအိမ် အနည်းဆုံး (၈) လုံး မီးလောင်ပျက်စီးခဲ့သည်။

“တစ်ရက်တည်းမှာကို အိမ် (၈) လုံး မီးလောင်သွားတယ်။ လေကြောင်းကနေ ဗုံးကြဲရုံမကဘဲ ခြေလျင်စစ်သားတွေကလည်း အိမ်တွေကို တမင်မီးရှို့သွားတယ်” ဟု ၎င်းက ပြောသည်။

ဖေဖော်ဝါရီလ (၁) ရက်နေ့မှ (၄) ရက်နေ့အတွင်း ထုံမခါကျေးရွာတွင် တိုက်ပွဲပြင်းထန်နေပြီး ထိတွေ့မှု အနည်းဆုံး (၁၀) ကြိမ်ခန့် ဖြစ်ပွားခဲ့သည်။

ဖေဖော်ဝါရီလ (၃) ရက်နေ့ မွန်းတည့်ချိန်နှင့် နေ့ခင်း (၂) နာရီတွင် K-8W တိုက်လေယာဉ်ဖြင့် ဗုံး (၂) လုံး ကြဲချခဲ့ရာ ပြည်သူတို့၏အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့သည်။ ကံကောင်းထောက်မ၍ လူထိခိုက်သေဆုံးမှု မရှိခဲ့ချေ။

### တော်လှန်ရေးတပ်ဖွဲ့များ၏ ခုခံတိုက်ခိုက်မှု

ဖေဖော်ဝါရီလ (၄) ရက်နေ့ နံနက်တွင် ထုံမခါကျေးရွာတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်ဖွဲ့ဝင်များကို တော်လှန်ရေးတပ်ဖွဲ့များက ဒရုန်းဖြင့် ဗုံးသီးချတိုက်ခိုက်ခဲ့ရာမှ အနီးအနားဝန်းကျင်တွင် တိုက်ပွဲပြင်းထန်လာခဲ့သည်။

တနင်္သာရီဒေသတွင် စစ်ကောင်စီက စစ်ကြောင်းထိုးနေသဖြင့် နေရပ်စွန့်ခွာထွက်ပြေးရမှုများ၊ အိုးအိမ်ပျက်စီးမှု

## ဖေဖော်ဝါရီလ ၂၀၂၅

များနှင့် ပြည်သူတို့ အတိဒုက္ခခံစားရမှုများ ဖြစ်ပွားနေပြီး ဒေသခံများသည် လေကြောင်းတိုက်ခိုက်မှုနှင့် မြေပြင်ထိုးစစ်ဆင်မှုတို့ကို နေ့စဉ်ကြောက်ရွံ့နေရသည်။

ဘာသာရေးနေရာများသည်လည်း တိုက်ခိုက်ခံနေရသည်။ ဖေဖော်ဝါရီလ (၉) ရက်နေ့ နေ့လည်ချိန်တွင် ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ (၁) ထိန်းချုပ်နယ်မြေဖြစ်သည့် ဘီးလင်းမြို့နယ် တဂေးလောင်းကျေးရွာကို စစ်ကောင်စီက တိုက်လေယာဉ်ဖြင့် ပေါင် (၅၀၀) ဗုံးသီး ကြဲချခဲ့သည်။

တိုက်ခိုက်မှုကြောင့် ဘုန်းတော်ကြီးကျောင်း၏ အဓိကအဆောက်အဦးနှင့် အခြားအဆောက်အဦး (၇) ခု ထိခိုက်ပျက်စီးခဲ့ကြောင်း ဂေါပကများက ပြောသည်။

လေကြောင်းတိုက်ခိုက်မှုကြောင့်

- ဘုန်းကြီးကျောင်းပင်မအဆောက်အဦး
- ဓမ္မာရုံ
- ဆွမ်းချက်ဆောင်
- သံဃာဆောင်
- စာသင်ကျောင်းနှင့် နားနေဆောင် (၃) ခု
- အနီးအနားဝန်းကျင်မှ နေအိမ်အများအပြား

ထိခိုက်ပျက်စီးခဲ့သည်။

မျက်မြင်တစ်ဦးက ထိတ်လန့်တုန်လှုပ်ဖွယ် အခြေအနေကို ပြောပြခဲ့သည်။ "သံဃာတွေ ဆွမ်းစားပြီး နားနေတုန်းမှာ ဗုံးကျလာတာ။ ဘုန်းကြီးကျောင်းမှာ တစ်ပါးမှ မရှိတာ အတော်ကံကောင်း သွားတယ်။ ဗုံးကြဲချိန်မှာ ကျောင်းထိုင်ဘုန်းကြီးတောင် သူ့အခန်းကနေ ထွက်ပြေးဖို့ အချိန်မရခဲ့ဘူး" ဟု ပြောသည်။

ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ ဂေါပကတစ်ဦးက "ဒီအဆောက်အဦးတွေကို အချိန်တော်တော် ပေးပြီး တည်ဆောက်ခဲ့ရတာ။ အခုတော့ အားလုံးကုန်ပြီ။ ပြန်ဆောက်ဖို့ မလွယ်တော့ဘူး။ မဖြစ်နိုင်သလောက်ပါပဲ" ဟု ပြောသည်။

စစ်ကောင်စီတပ်က လူနေကျေးရွာများ၊ နေအိမ်များ၊ စာသင်ကျောင်းများနှင့် ဆေးရုံများကို တိုက်ခိုက်လျက်ရှိပြီး ဘုန်းတော်ကြီးကျောင်းနှင့် ဘာသာရေးနေရာများကိုလည်း တိုက်ခိုက်လာ သည်။

စစ်ရေးပစ်မှတ်မဟုတ်သည့် အဆောက်အဦးနေရာများကို တိုက်ခိုက်နေခြင်းကို လူ့အခွင့်အရေး အဖွဲ့များက ပြင်းထန်စွာရှုတ်ချပြီး အဆိုပါတိုက်ခိုက်မှုများသည် လူ့အခွင့်အရေးကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေခြင်းဖြစ်ကြောင်း၊ စစ်ကောင်စီက ပြည်သူလူထုကို ပစ်မှတ်ထားသည့်တိုက်ခိုက်မှုများ အရှိန်မြင့်လုပ်ဆောင်နေကြောင်း ထုတ်ဖော်ပြောဆိုကြသည်။

နောက်တစ်နေ့ဖြစ်သည့် ဖေဖော်ဝါရီလ (၈) ရက်နေ့တွင် နောက်ထပ်လေကြောင်းတိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့ပြန်သည်။ မွန်ပြည်နယ် ဘီးလင်းမြို့နယ် နတ်ကြီးနှင့် အစုးချောင်းကျေးရွာများကို စစ်ကောင်စီက Y-12 တိုက်လေယာဉ်ကို အသုံးပြုပြီး ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ နေအိမ်နှင့် စာသင်ကျောင်းများ ထိခိုက်ပျက်စီးခဲ့သည်။

လေကြောင်းတိုက်ခိုက်မှုသည် ဖေဖော်ဝါရီလ (၇) ရက်နေ့ နေ့ခင်း (၂) နာရီခန့်တွင် စတင်ဖြစ်ပွားခဲ့ပြီး နတ်ကြီးကျေးရွာကို ဗုံး (၃) လုံး ကြဲချတိုက်ခိုက်ခဲ့သည်။ အစုးချောင်းကျေးရွာကို ဗုံး (၇) လုံးအထိ ကြဲချတိုက်ခိုက်ခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် နတ်ကြီးကျေးရွာ ရှမ်းစုရပ်မှ နေအိမ် (၂) လုံးနှင့် အစုးချောင်းကျေးရွာမှ အထက်တန်းစာသင်ကျောင်း (၁) ကျောင်း ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးခဲ့သည်။

လေကြောင်းတိုက်ခိုက်မှုကြောင့် မဲပလီ၊ ပီတိနှင့် အစုးချောင်းကျေးရွာအုပ်စုရှိ အနီးအနားကျေးရွာ (၁၅) ရွာမှ ဒေသခံပြည်သူများသည် အိုးအိမ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

## ဖေဖော်ဝါရီလ ၂၀၂၅

ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် ပူးပေါင်းတပ်ဖွဲ့တို့က ဘီးလင်းအခြေစိုက် စစ်ကောင်စီတပ်စခန်းကို တိုက်ခိုက်မည်ဟူသော သတင်းကြောင့် နတ်ကြီး၊ ရင်းအုံ၊ ကျားကွင်းနှင့် တောင်လေးကျေးရွာများမှ ဒေသခံပြည်သူ (၄,၀၀၀) ကျော်သည် ဘေးလွတ်ရာ ထွက်ပြေး တိမ်းရှောင်ခဲ့ရသည်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ ထုတ်ပြန်ချက်အရ စစ်ကောင်စီ၏ လေကြောင်းနှင့် လက်နက်ကြီးတိုက်ခိုက်မှုများကြောင့် တစ်ပတ်အတွင်း အရပ်သားပြည်သူ အနည်းဆုံး (၁၀) ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ (၁) ရက်နေ့မှ (၇) ရက်နေ့အတွင်း တိုက်ခိုက်မှုကြောင့် ပြည်သူ (၁၀) ဦး သေဆုံးခဲ့ပြီး အမျိုးသမီး (၃) ဦးနှင့် အသက် (၁၆) နှစ်အရွယ် မိန်းကလေးငယ် (၁) ဦးလည်း ပါဝင်သည်။

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကော်ဟဲကျေးရွာနှင့် အနီးအနားဝန်းကျင်ကိုလည်း စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သဖြင့် အရပ်သားပြည်သူ (၅) ဦး ထိခိုက်ဒဏ်ရာရပြီး ပျက်စီးဆုံးရှုံးမှု များပြားခဲ့ကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင် များက ပြောသည်။

၂၀၂၅ ဖေဖော်ဝါရီလ (၁၃) ရက်နေ့တွင် အထက်တဂေးလောင်းကျေးရွာကို စစ်ကောင်စီက ပေါင် (၅၀၀) ဗုံး (၂) လုံးကို (၂) ကြိမ်ခွဲပြီး ကြဲချတိုက်ခိုက်ခဲ့ရာ ဘုန်းတော်ကြီးကျောင်း (၁) ကျောင်းနှင့် နေအိမ် (၁၇) လုံး ပျက်စီးခဲ့သည်။

ဖေဖော်ဝါရီလ (၁၅) ရက်နေ့ ည (၁၁) နာရီခွဲတွင် ကော်ဟဲကျေးရွာကို ဗုံး (၂) လုံး ကြဲချခဲ့ရာ ဒေသခံပြည်သူ (၅) ဦး ထိခိုက်ဒဏ်ရာရပြီး နေအိမ် (၉) လုံး ပျက်စီးခဲ့သည့်အပြင် ပြည်သူပိုင်ပစ္စည်းအများအပြားလည်း ထိခိုက်ခဲ့သည်။

ဒေသခံများ၏ ပြောကြားချက်အရ ဒဏ်ရာရသူ (၅) ဦးတွင် (၂) ဦးမှာ စိုးရိမ်ရသည့်အခြေအနေတွင် ရှိနေပြီး အရေးပေါ်ကုသမှုအတွက် ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

လေကြောင်းတိုက်ခိုက်မှုသည် စစ်ကောင်စီက ဆက်လက်ကျူးလွန်နေသည့် အကြမ်းဖက်မှုများထဲမှ တစ်ခုဖြစ်ပြီး သထုံခရိုင်တွင် လေကြောင်းတိုက်ခိုက်မှု မြင့်တက်နေသည်။ လေကြောင်းတိုက်ခိုက်မှု ကြောင့် (၃) ရက်အတွင်း ဒေသခံ (၃) ဦး သေဆုံးပြီး အနည်းဆုံး (၁၅) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

အလားတူပင် ကျိုက်ထိုမြို့နယ်တွင်လည်း ပိန္နဲကုန်းနှင့် ကော်ကပ်ကျေးရွာများကို ဗုံးကြဲတိုက်ခိုက် ခဲ့ရာ အရပ်သားပြည်သူ (၃) ဦး သေဆုံးပြီး အနည်းဆုံး (၁၀) ဦး ဒဏ်ရာရခဲ့သည်။ တိုက်ခိုက်မှု ကြောင့် ပိန္နဲကုန်းကျေးရွာမှ ဘုန်းတော်ကြီးကျောင်း (၁) ကျောင်းနှင့် ကော်ကပ်ကျေးရွာမှ စာသင်ကျောင်း (၁) ကျောင်း ထိခိုက်ပျက်စီးခဲ့သည်။

ဆိုးရွားလှသည့်အခြေအနေကို ဒေသခံတစ်ဦးက “တော်လှန်ရေးတပ်ဖွဲ့တွေ ရှိတယ်ဆိုပြီး ဗုံးကြဲတာ။ ဒါပေမဲ့ သူတို့က လူနေအိမ်တွေကိုပဲ နေ့တိုင်းဗုံးကြဲနေတယ်။ ဘုန်းကြီးကျောင်းတွေ စာသင်ကျောင်းတွေကိုလည်း မရှောင်ဘူး” ဟု ပြောသည်။

ပြီးခဲ့သည့်နှစ်ကုန်ပိုင်းမှစ၍ သထုံခရိုင်သည် တိုက်ပွဲမရှိသော်လည်း လေကြောင်းတိုက်ခိုက်မှုကို အလူးအလဲခံစားနေရသည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ အစီရင်ခံစာများက လေကြောင်းတိုက်ခိုက်မှုများကို အပြင်းအထန်ရှုတ်ချပြီး စစ်ကောင်စီက ရမ်းသမ်းဗုံးကြဲတိုက်ခိုက်မှုဖြင့် အရပ်သားပြည်သူများကို အကြမ်းဖက်နေသည်ကို ထောက်ပြပြောဆိုခဲ့သည်။

နောက်ပိုင်းရက်များတွင်လည်း လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ပြန်သည်။ ဖေဖော်ဝါရီလ (၁၇) ရက်နေ့ လေကြောင်းတိုက်ခိုက်မှုကြောင့် စာကြည့်တိုက် (၁) ခု

## ဖေဖော်ဝါရီလ ၂၀၂၅

အပါအဝင် နေအိမ်အလုံး (၂၀) ကျော် မီးလောင်ပျက်စီးခဲ့ကြောင်း တနသ်ာၤရီမြို့နယ် ညောင်ပင်ကွင်းကျေးရွာမှ ရွာသားများက ပြောသည်။

ညနေ (၅) နာရီအချိန်ခန့်တွင် စစ်ကောင်စီတိုက်လေယာဉ်များက လေကြောင်းတိုက်ခိုက်မှု (၄) ကြိမ်ဆက် ပြုလုပ်ခဲ့ပြီး တိုက်လေယာဉ်နှင့် ရဟတ်ယာဉ်များက ဗုံးအလုံး (၂၀) နီးပါးကို ကြဲချခဲ့သည်။ လူထိခိုက်သေဆုံးမှု မရှိသော်လည်း ပျက်စီးမှုအများအပြား ဖြစ်ပွားခဲ့သည်။

မနက်ပိုင်းတွင်လည်း စစ်ကောင်စီတပ်နှင့် တော်လှန်ရေးတပ်ဖွဲ့တို့အကြား ညောင်ပင်ကွင်းနှင့် သိန်ခွန်းကျေးရွာများအနီးတဝိုက်တွင် တိုက်ပွဲပြင်းထန်ခဲ့သည်။

တိုက်ပွဲပြီးနောက် ညနေ (၄) နာရီခွဲတွင် ကျေးရွာအရှေ့ပိုင်းကို တိုက်လေယာဉ်ဖြင့် စတင်ဗုံးကြဲ ခဲ့သည်။ နောက်မိနစ် (၃၀) အကြာတွင် ရဟတ်ယာဉ်ဖြင့် ဒုတိယအကြိမ်ဗုံးကြဲခဲ့ရာ စာသင်ကျောင်း အပါအဝင် နေအိမ်အလုံး (၂၀) ကျော် ပျက်စီးခဲ့သည်။

ပြင်းထန်သည့် လေကြောင်းတိုက်ခိုက်မှုနှင့် တိုက်ပွဲများကြောင့် ညောင်ပင်ကွင်းကျေးရွာမှ ရွာလုံးကျွတ်နီးပါးသည် နေအိမ်နှင့် ပိုင်ဆိုင်မှုများကို ထားရစ်ကာ ဘေးလွတ်ရာ ထွက်ပြေးခဲ့ရသည်။

ဖေဖော်ဝါရီလဆန်းပိုင်းမှစ၍ ထုံမခါနှင့် ညောင်ပင်ကွင်းကျေးရွာများသည် စစ်မြေပြင်ဖြစ်နေပြီး စစ်ကောင်စီတပ်နှင့် တော်လှန်ရေးတပ်ဖွဲ့များအကြား တိုက်ပွဲများမကြာခဏဖြစ်ပွားနေသည်။

ဖေဖော်ဝါရီလ (၃) ရက်နှင့် (၄) ရက်နေ့များတွင် ထုံမခါကျေးရွာကိုလည်း လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ပြီး လူသားချင်းစာနာထောက်ထားမှုအကြပ်အတည်းကို ပိုမိုဆိုးရွားစေခဲ့သည်။ တနသ်ာၤရီဒေသတွင် ထိုးစစ်ဆင်မှုများသည် ဒီဇဘာလလယ်တွင် စတင်ခဲ့ပြီး စစ်ကောင်စီက မြိတ် - တနသ်ာၤရီလမ်းပိုင်းကို ထိန်းချုပ်လိုသဖြင့် တိုက်ပွဲများ နေ့စဉ်နီးပါး ဖြစ်ပွားနေသည်။

### ပြည်သူတို့၏ အိုးအိမ်စည်းစိမ်ကို ဖျက်ဆီးမှုများ

၂၀၂၅ ဇန်နဝါရီလတွင် စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှု တို့ကြောင့် နေအိမ်အလုံး (၄၀) နီးပါးနှင့် လယ်ယာများ ထိခိုက်ပျက်စီးခဲ့သည်။ စစ်ကောင်စီက ပြည်သူတို့၏ပိုင်ဆိုင်မှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစဉ်တစိုက်ဖျက်ဆီးနေပြီး ဒေသခံပြည်သူများ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရစေရန် ဖျက်လိုဖျက်ဆီးလုပ်နေသည်။

ပုလောမြို့နယ်တွင် စစ်ကောင်စီတပ်က နေအိမ် (၈) လုံးနှင့် စားသောက်ဆိုင် (၁) ခုကို မီးရှို့ဖျက်ဆီးခဲ့ပြီး တနသ်ာၤရီမြို့နယ်တွင်လည်း နေအိမ် (၃) လုံးကို မီးရှို့ခဲ့သည်။

ရေဖြူမြို့နယ်တွင် နေအိမ် (၁) လုံး မီးလောင်ပျက်စီးခဲ့ပြီး ထားဝယ်မြို့နယ်တွင်လည်း အနည်းဆုံး နေအိမ် (၈) လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်။ ၎င်းပြင် သရက်ချောင်းမြို့နယ်ရှိ ကွမ်းသီးခြံနှင့် ကြက်ခြံများကိုလည်း ရည်ရွယ်ချက်ရှိရှိ မီးရှို့ဖျက်ဆီးခဲ့ပြီး ဒေသခံပြည်သူများ၏ သက်မွေးဝမ်းကျောင်းလုပ်ငန်းကို အန္တရာယ်ပြုနေသည်။

စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးမှုအများအပြား ဖြစ်ပွားခဲ့ပြီး နေအိမ် အနည်းဆုံး (၅) လုံး ထိခိုက်ပျက်စီးခဲ့သည်။ ပုလောမြို့နယ် စက်တော်ရာကျေးရွာတွင် နေအိမ် (၃) လုံး ပျက်စီးခဲ့ပြီး တနသ်ာၤရီမြို့နယ် သန်းထိုက်ကျေးရွာတွင် နေအိမ် (၄) လုံး မီးလောင် ပြာကျခဲ့သည်။ ထားဝယ်မြို့နယ် ကွင်းချောင်းကြီးကျေးရွာရှိ နေအိမ်များလည်း ထိခိုက်ပျက်စီးမှုကြီးမားခဲ့သည်။

ဦးဇော်မင်းသည် ပွဲချင်းပြီးသေဆုံးခဲ့ပြီး ၎င်း၏အဖော်ဖြစ်သူမှာ ပြင်းထန်ဒဏ်ရာကြောင့် ဆေးကုသမှု ခံယူနေရသည်။ တိုက်ပွဲနှင့် စစ်ကြောင်းထိုးမှုများကြောင့် ပြီးခဲ့သည့် ဒီဇင်ဘာလ လလယ်မှစ၍ ချောင်းနှစ်ပေါက်အပါအဝင် ကျေးရွာ (၁၀) ရွာမှ ဒေသခံပြည်သူများ တိမ်းရှောင်နေရသည်။

## ဖေဖော်ဝါရီလ ၂၀၂၅

ထိခိုက်ပျက်စီးမှုများသည် နေရာအနှံ့အပြားတွင် အထိန်းအကွပ်မဲ့ ဖြစ်ပွားနေသည်။ မီးသတ်သမားများနှင့် မီးငြိမ်းသတ်မည့် ဒေသခံပြည်သူများ မရှိသဖြင့် ပျက်စီးမှုများမှာ ပိုမိုများပြားနေသည်။

ပုလောမြို့နယ်တွင် ရာဘာခြံ ဧက (၅၀) ကျော် မီးလောင်ဆုံးရှုံးခဲ့သည်။ ဒေသခံပြည်သူများသည် တိုက်ပွဲကြောင့် စစ်ရှောင်နေရသဖြင့် မီးငြိမ်းသတ်မည့်သူ မရှိချေ။

လက်နက်ကြီးပစ်ခတ်တိုက်ခိုက်မှုကြောင့်လည်း ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားနေသည်။ ရေဖြူမြို့နယ်တွင် နေအိမ် (၁) လုံး ထိခိုက်ခဲ့ပြီး တနင်္သာရီမြို့နယ်တွင် နေအိမ် (၅) လုံး လုံးဝပျက်စီးခဲ့သည်။ လောင်းလုံးမြို့နယ်တွင်လည်း ထိခိုက်ပျက်စီးမှုများ ရှိနေသည်။

စစ်ကောင်စီတပ်က ၎င်းတို့၏စစ်ဆင်ရေးတွင် ဒရုန်းများကိုလည်း အသုံးပြုနေသည်။ တနင်္သာရီတိုင်း ညောင်ပင်ကုန်းကျေးရွာတွင် နေအိမ် (၂) လုံး ပျက်စီးခဲ့သည်။

၂၀၂၄ ဒီဇင်ဘာလတွင် အပျက်အစီး များပြားခဲ့သကဲ့သို့ ၂၀၂၅ ဇန်နဝါရီလတွင်လည်း အလားတူပင် ထိခိုက်ပျက်စီးခဲ့သည်။ တနင်္သာရီတိုင်းရှိ မြို့နယ် (၅) မြို့နယ်မှ နေအိမ်အနည်းဆုံး အလုံး (၂၀၀) ကျော်သည် စစ်ကောင်စီ၏ တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည်။

တနင်္သာရီတိုင်း သရက်ချောင်းမြို့နယ်တွင်လည်း စစ်ကောင်စီတပ်က ဥတ္တာကျေးရွာကို ဝင်ရောက်စီးနင်းပြီး နေအိမ်အနည်းဆုံး (၆) လုံးကို မီးရှို့ဖျက်ဆီးကာ ဒေသခံရွာသား (၁) ဦးကို ဖမ်းဆီးခဲ့ကြောင်း ရွာသားများက ပြောသည်။

အင်အား (၇၀) ခန့်ရှိသည့် စစ်ကောင်စီစစ်ကြောင်းက ဖေဖော်ဝါရီလ (၈) ရက်နေ့ မနက်ပိုင်းတွင် ဥတ္တာကျေးရွာသို့ ခြေလျင်ဖြင့် ဝင်ရောက်လာသည်။ နေ့ခင်းအချိန်တွင် နေအိမ်များကို စတင်မီးရှို့ပြီးနောက် ပြန်လည်ထွက်ခွာသွားသည်။

“ရွာလယ်ကအိမ်တွေကို မီးရှို့သွားတာ။ အဝေးကနေမြင်ရတာတော့ အိမ်အနည်းဆုံး (၆) လုံးလောက် မီးလောင်ပြာကျသွားတယ်” ဟု မျက်မြင်ရွာသားတစ်ဦးက ပြောသည်။

ပြန်လည်မထွက်ခွာမီ ရွာသားတစ်ဦးကိုလည်း ၎င်းတို့နှင့်အတူ ဖမ်းဆီးခေါ်ဆောင်သွားသည်။ မည်သူမည်ဝါဖြစ်သည်၊ မည်သည့်နေရာသို့ ဖမ်းခေါ်သွားသည်ကိုမူ မသိရှိရချေ။

ဒေသခံများ၏ပြောကြားချက်အရ စစ်ကောင်စီတပ်က ဥတ္တာကျေးရွာကို ဖေဖော်ဝါရီလ (၈) ရက်နှင့် (၉) ရက်နေ့များတွင် (၂) ရက်ဆက်တိုက် စစ်ကြောင်းထိုးခဲ့ပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်။ စစ်ကြောင်းသည် ပန်းပြင်ကျေးရွာမှ ထွက်ခွာလာပြီး မဲနယ်အိုးကျေးရွာမှတဆင့် ဝင်ရောက် လာခဲ့ခြင်း ဖြစ်သည်။

ဥတ္တာကျေးရွာမှ ထွက်ပြေးတိမ်းရှောင်နေရသူ ဒေသခံအမျိုးသမီးတစ်ဦးက “အိမ်တွေကို (၂) ရက်ဆက်တိုက် မီးရှို့သွားတယ်။ ကျွန်မတို့လည်း ဘာမှမတတ်နိုင်ဘဲ ထွက်ပြေးလာရတယ်။ ရွာလုံးကျွတ် ဘေးလွတ်ရာပြေးကြရတာပဲ” ဟု ပြောသည်။

ယခုတိုက်ခိုက်မှုသည် ဥတ္တာကျေးရွာတွင် ပထမဆုံးအကြိမ် မဟုတ်ချေ။ ၂၀၂၄ ခုနှစ်တွင်လည်း စစ်ကောင်စီက ကျေးရွာကို ဝင်ရောက်စီးနင်းပြီး မီးရှို့ခဲ့ခြင်းကြောင့် နေအိမ် (၉) လုံး မီးလောင်ခဲ့သည်။

ဖေဖော်ဝါရီလ (၉) ရက်နေ့ ညနေတွင် စစ်ကြောင်းသည် သရက်နှစ်ခွကျေးရွာသို့ ထွက်ခွာသွားပြီး ဘုန်းတော်ကြီးကျောင်းနှင့် အနီးအနားနေအိမ်များတွင် တပ်စွဲထားသည်။

ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင် သရက်နှစ်ခွကျေးရွာမှ တောလမ်းအတိုင်း ချီတက်ကာ ရန်တောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် စခန်းချတပ်စွဲခဲ့သည်။ စစ်ကောင်စီတပ်က ဆက်လက်စစ်ကြောင်းထိုးနေသဖြင့် ဒေသခံပြည်သူအများအပြားသည် အိုးအိမ်စွန့်ခွာပြီး ထွက်ပြေးပုန်းအောင်းနေရသည်။

## ဖေဖော်ဝါရီလ ၂၀၂၅

### မြေမြှုပ်မိုင်းများ

ထားဝယ်မြို့နယ် မေတ္တာမြို့မှ သက်ကြီးပိုင်းအမျိုးသမီး တစ်ဦးသည် ရာဘာခြံသို့သွားစဉ် မြေမြှုပ်မိုင်း နင်းမိပြီး ခြေထောက်တစ်ဖက် ဆုံးရှုံးခဲ့ရသည်။ ဖေဖော်ဝါရီလ (၃) ရက်နေ့ နေခင်း (၂) နာရီတွင် ထားဝယ် - ထီးခီးလမ်းရှိ မေတ္တာမြို့အထွက် တံတားအနီးတွင် မိုင်းနင်းမိခြင်း ဖြစ်သည်။

အသက် (၆၀) အရွယ် နော်ဂျူးနီးထားသည် မြေမြှုပ်မိုင်းကို အမှတ်တမဲ့နင်းမိရာ မိုင်းသည် ချက်ချင်းပေါက်ကွဲခဲ့သည်။ ဒဏ်ရာအပြင်းအထန် ရရှိခဲ့သည်။ ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီလ တွင်လည်း မေတ္တာမြို့တွင် စစ်ကောင်စီနှင့် တော်လှန်ရေးတပ်ဖွဲ့တို့အကြား တိုက်ပွဲ ပြင်းထန်စွာ ဖြစ်ပွားခဲ့ပြီး ဒေသခံပြည်သူများ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

စစ်ရှောင်ပြည်သူများ ပြန်လာကြပြီဖြစ်သော်လည်း အဆိုပါနေရာသည် အန္တရာယ်ရှိသည့်နေရာ ဖြစ်နေသည်။ စစ်ကောင်စီက မေတ္တာမြို့ရှိ ၎င်းတို့၏တပ်စခန်းများအနီးတွင် မြေမြှုပ်မိုင်းများ ထောင်ထားသည်။ ဒေသခံပြည်သူများကိုလည်း မြေမြှုပ်ရှိနေခြင်းကြောင့် ဥယျာဉ်ခြံများကို မသွားရောက်ရန် သတိပေးထားသည်။

သို့သော် ဤကဲ့သို့သောလူနေထိုင်ရာ နေရာများတွင် မြေမြှုပ်မိုင်းများကို ထောင်ထားရန် မသင့် လျော်ချေ။ ၎င်းတို့သည် အပြည်ပြည်ဆိုင်ရာစာချုပ်အမျိုးမျိုးကို ဖောက်ဖျက်နေခြင်း ဖြစ်သည်။

အဆိုပါဒေသတဝိုက်တွင် ပထမဆုံးအကြိမ် မြေမြှုပ်မိုင်းပေါက်ကွဲခြင်း မဟုတ်ချေ။ ဇန်နဝါရီလ (၂၂) ရက်နေ့တွင်လည်း ထားဝယ်မြို့နယ် ဝကုန်းကျေးရွာ၌ ဒေသခံအမျိုးသားတစ်ဦး မိုင်းနင်းမိပြီး ခြေထောက်တစ်ဖက် ဆုံးရှုံးခဲ့ရသည်။

ကရင်အမျိုးသားအစည်းအရုံးက ထောင်ထားသည့်မိုင်းဖြစ်ကြောင်း ဒေသခံများက ပြောသည်။ မိုင်းများကို ရှင်းလင်းပေးရန် ဒေသခံများက တောင်းဆိုနေကြသည်။

တနင်္သာရီတိုင်းတွင် စစ်ကောင်စီတပ်က ၎င်းတို့၏တပ်စခန်းများနှင့် စစ်ဆေးရေးဂိတ်များ အနီးတဝိုက်တွင် မြေမြှုပ်မိုင်းများ ထောင်ထားပြီး ပြည်သူများကို အန္တရာယ်တွင်းထဲ တွန်းပို့နေသည်။ ဒေသခံပြည်သူများသည် လယ်လုပ်ငန်း လုပ်ကိုင်ရာတွင်လည်းကောင်း၊ ခရီးသွားရာတွင်လည်းကောင်း အသက်အန္တရာယ် စိုးရိမ်နေရသည်။

### အတင်းအဓမ္မစစ်မှုထမ်းစေခြင်း

ပြည်သူ့စစ်မှုထမ်းဥပဒေကို အကောင်အထည်ဖော်သည့် အနေဖြင့် မော်လမြိုင်တက္ကသိုလ်တွင် ပညာသင်ယူနေသည့် တက္ကသိုလ်ကျောင်းသားကျောင်းသူများကို အရန်စစ်သင်တန်း တက်ရောက်ရန် စစ်ကောင်စီက ဖိအားပေးနေသည်။

စစ်ကောင်စီကိုထောက်ခံသည့် ဝါဒဖြန့်ချိရေးမီဒီယာများအရ အရန်စစ်သင်တန်းကို ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင် မော်လမြိုင်ပညာရေးဒီဂရီကောလိပ်တွင် ဖွင့်လှစ်ခဲ့သည်။

စစ်ကောင်စီနှင့် တက္ကသိုလ်ကျောင်းများ ပူးပေါင်းပြီး အမျိုးသားကာကွယ်ရေးအသိဟူသော ခေါင်းစဉ်အောက်တွင် တက္ကသိုလ်ကျောင်းသားကျောင်းသူများကို စစ်သင်တန်း တက်ရောက်ခိုင်းခြင်း ဖြစ်သည်။ မွန်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်က သင်တန်းဖွင့်ပွဲကို တက်ရောက်ခဲ့ပြီး မွန်ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ ထိပ်ပိုင်းစစ်အရာရှိများ၊ တက္ကသိုလ်ပါမောက္ခများ၊ ဒုတိယပါမောက္ခများ၊ ကထိကများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံးလက်အောက်ခံ အမှတ် (၃) တက္ကသိုလ်လေ့ကျင့်ရေးအဖွဲ့က ပြည်သူ့စစ်နှင့် နယ်ခြား

## ဖေဖော်ဝါရီလ ၂၀၂၅

စောင့်တပ်တို့နှင့်အတူ အရန်စစ်သင်တန်းကို စောင့်ကြည့် ကွပ်ကဲသွားမည် ဖြစ်သည်။

၂၀၂၄-၂၅ ပညာသင်နှစ်တွင် မော်လမြိုင်တက္ကသိုလ်မှ ကထိကများ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများသည် အရန်စစ်သင်တန်း တက်ရောက်ရမည် ဖြစ်သည်။ ကျောင်းသားဦးရေမည်မျှ တက်ရောက်ရမည်ကိုမူ စစ်ကောင်စီက ထုတ်ဖော်ပြောဆိုခြင်း မရှိချေ။

ယခင် တက္ကသိုလ်များတွင် အရန်စစ်သင်တန်းကို မိမိတို့သဘောဆန္ဒအလျောက်သာ တက်ရောက်ရသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းပြီးနောက် ကထိကများ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများသည် အရန်စစ်သင်တန်းကို မဖြစ်မနေတက်ရောက်ရန် ဖိအားပေး ခံနေရသည်။

"စစ်ကောင်စီက စစ်အင်အား အများအပြားလိုအပ်နေတယ်။ ဒါကြောင့် တက္ကသိုလ်ကျောင်းသား တွေကို စစ်မှုထမ်းထဲကို တဖြည်းဖြည်း ဆွဲသွင်းနေတာ။ လူငယ်တွေကို စစ်ထဲထည့်ဖို့ သူတို့က နည်းလမ်းမျိုးစုံနဲ့ လုပ်နေတာ" ဟု တော်လှန်ရေးအင်အားစုနှင့် နီးစပ်သူတစ်ဦးက ပြောသည်။

တက္ကသိုလ်ကျောင်းသားကျောင်းသူများကို အခြေခံနှင့် အဆင့်မြင့်စစ်သင်တန်းများ တက်ရောက် စေခြင်းသည် နိုင်ငံတော်ကာကွယ်ရေးအသိကို မြှင့်တင်ခြင်းဖြစ်ပြီး အနာဂတ်နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နိုင်ရန်အတွက် ပြင်ဆင်ခြင်းဖြစ်ကြောင်း စစ်ကောင်စီက ပြောသည်။

စစ်ကောင်စီ၏ ထုတ်ပြန်ချက်အရ အရန်စစ်သင်တန်းများကို နေပြည်တော်၊ တောင်ကြီး၊ မော်လမြိုင်၊ ကမာရွတ်၊ ပုသိမ်နှင့် တောင်ငူမြို့များတွင်လည်း ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။

မွန်ပြည်နယ်တွင် စစ်ကောင်စီက စစ်မှုထမ်းသင်တန်း အပတ်စဉ် (၁၀) ကို ဖွင့်လှစ်ရန် ပြင်ဆင်နေပြီး မော်လမြိုင်၊ ကျိုက်မရော၊ မုဒုံနှင့် ကျိုက်ထိုရှိ လူငယ်လူရွယ်များကို ပစ်မှတ်ထားနေသည်။

၂၀၂၅ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများတွင် စစ်ကောင်စီက အပတ်စဉ် (၁၀) အတွက် စစ်မှုထမ်းသင်တန်းသားများကို စတင်စုဆောင်းနေပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဖေဖော်ဝါရီ (၁၀) ရက်မှ (၁၃) ရက်နေ့များအတွင်း မော်လမြိုင်နှင့် အနီးတဝိုက်တွင် စစ်မှုထမ်းကြေးများကို လိုက်လံကောက်ခံနေသည်။ ဆင့်ခေါ်စာများကိုလည်း အိမ်တိုင်ရာရောက် ပေးပို့နေသည်။

"သူတို့က အိမ်အထိရောက်လာတယ်။ အုပ်ချုပ်ရေးမှူးတွေက လူတွေကို တိတ်တဆိတ် ခေါ်သွားတယ်။ ကျွန်တော့်တို့နားက လူ (၂) ယောက်ကို ခေါ်သွားပြီးပြီ" ဟု မော်လမြိုင် ဒေသခံတစ်ဦးက ပြောသည်။

စစ်မှုထမ်းသင်တန်းအပတ်စဉ် (၁၀) အတွက် ရပ်ကွက်တစ်ခုလျှင် သင်တန်းသား အနည်းဆုံး (၁) ဦး ပေးပို့ရမည်ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူးများကို မြို့နယ်စစ်မှုထမ်းသင်တန်းသား စုဆောင်းရေး ကော်မတီက အမိန့်ပေးထားသည်။

မော်လမြိုင်မြို့ မြိုင်သာယာ၊ ကွဲခြံကုန်း၊ ဈေးကြို၊ တောင်ဝိုင်း၊ မောင်ငံနှင့် ကွင်းရပ်စသည့် ရပ်ကွက်များက စစ်မှုထမ်းသင်တန်းသား ပေးပို့ရမည် ဖြစ်သည်။

ဖေဖော်ဝါရီလ (၁၄) ရက်နေ့ မနက်ပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အစိုးရအရာရှိများနှင့်အတူ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ အမှတ် (၆) တပ်မတော် ပညာရေးကျောင်းသို့ လာရောက်ပြီး အပတ်စဉ် (၁၀) အတွက် စစ်မှုထမ်းသင်တန်းသားများကို လာရောက်တွေ့ဆုံခဲ့သည်။

အပတ်စဉ် (၁၀) အတွက် စစ်မှုထမ်းသင်တန်းသား ပေးပို့ရန် ပျက်ကွက်ပါက အိမ်ထောင်စုတစ်စုလျှင် ငွေကြေး (၁၀,၀၀၀) ကျပ်မှ (၃၀,၀၀၀) ကျပ်အထိ ပေးဆောင်နေရကြောင်း ဘားအံမှ အမျိုးသမီးတစ်ဦးက ပြောသည်။

၂၀၂၄ ခုနှစ်တွင် မော်လမြိုင်မြို့မှ ရွှေ့ပြောင်းလုပ်သားများ

## ဖေဖော်ဝါရီလ ၂၀၂၅

ကို စစ်မှုထမ်းသင်တန်းသားအဖြစ် အတင်းအကြပ်စုဆောင်းခဲ့ပြီး သထုံနှင့် သံဖြူဇရပ်မြို့နယ်များရှိ တပ်မတော်လေ့ကျင့်ရေးကျောင်း များသို့ ပို့ဆောင်ခဲ့သည်။

စစ်ကောင်စီက စစ်ဆေးရေးကိုလည်း တင်းကြပ်ထားပြီး လူငယ်များကို အများအပြား ဖမ်းဆီးနေသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းပြီးနောက်ပိုင်း မော်လမြိုင်တွင် လူငယ်များကို ဖမ်းဆီးထိန်းသိမ်းမှုများ မကြာခဏ ဖြစ်ပွားနေသည်။

ထိန်းသိမ်းခံရသူများအနေဖြင့် ပြန်လည်လွတ်မြောက်လိုပါက ကျပ် (၁၀) သိန်းအထိ ပေးဆောင် နေရပြီး ငွေမပေးနိုင်သူများကို စစ်သင်တန်းသို့ ချက်ချင်းပို့ဆောင်သည်။

မွန်ပြည်နယ်တွင် လူငယ်လူရွယ်များသာမက အသက်မပြည့်သေးသူ ယောကျ်ားလေးများကိုလည်း ဖမ်းဆီးနေပြီး ဖမ်းဆီးခံရပြီးနောက်ပိုင်း သတင်းအစအနပျောက်ဆုံးနေသည်။

အပတ်စဉ် (၉) အတွက် သင်တန်းသားစုဆောင်းစဉ်အတွင်း မော်လမြိုင်နှင့် အနီးအနားကျေးရွာမှ ဒေသခံပြည်သူများသည် စစ်မှုထမ်းကြေးအဖြစ် အိမ်ထောင်စုတစ်စုလျှင် ကျပ် (၅,၀၀၀) မှ (၁၀,၀၀၀) အထိ ပေးချေခဲ့ရသည်။

ဇန်နဝါရီလ (၁၇) ရက်နေ့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အစိုးရ အရာရှိများနှင့်အတူ အမှတ် (၉/၂၀၂၄) စစ်သင်တန်းကို လာရောက်ခဲ့ပြီး စစ်မှုထမ်းသင်တန်းသား (၇၉) ဦးကို ငွေကြေးထောက်ပံ့မှုများ ပေးအပ်ခဲ့ကြောင်း စစ်ကောင်စီက ထုတ်ပြန်သည်။

စစ်မှုထမ်းသင်တန်းသား အတင်းအကြပ်စုဆောင်းခြင်းနှင့် ငွေကြေးအဓမ္မကောက်ခံခြင်းကြောင့် မွန်ပြည်နယ်တွင် အကြောက်တရားများနှင့် မသေချာမှုများ ပျံ့နှံ့နေသည်။ လူငယ်လူရွယ်များ သည်လည်း စစ်မှုထမ်းခြင်းကို ရှောင်လွှဲနိုင်ရန် နည်းလမ်းရှာနေကြသည်။

ဖေဖော်ဝါရီလ (၆) ရက်မှ (၁၀) ရက်နေ့အတွင်း အရပ်ဝတ်‚ဝတ်ကာ လက်နက်ကိုင်ဆောင် ထားသည့် စစ်ကောင်စီတပ်ဖွဲ့ဝင်များနှင့် ပျူစောထီးများက တောင်စွန်းနှင့် တောင်ကြီး ကျေးရွာများတွင် သွားလာနေသည့် လူငယ်များကို ရပ်တန့်ကာ လက်ကိုင်ဖုန်းများကို စစ်ဆေးနေသည်။ ဆိုင်ကယ်တစ်စီးကို နှစ်ယောက်အတူစီးသည်ဟု ဆိုကာ ဖမ်းဆီးပြီး ဘီးလင်းမြို့နယ်ရှိ စစ်ကောင်စီတပ်စခန်းများသို့ လွှဲပြောင်းပေးပို့ခဲ့သည်။

> “ဒီနှစ်မှာ ဖုန်းတွေစစ်ပြီး လူငယ်တွေကို ပစ်မှတ်ထားဖမ်းဆီးလာတယ်။ လမ်းပေါ်မှာတော့ ဆိုင်ကယ်တစ်စီးကို နှစ်ယောက်အတူစီးတယ်ဆိုပြီး သူတို့ကို ဖမ်းနေတယ်”

ဟု ဒေသခံတစ်ဦးက ပြောသည်။

သင်တောကြီး၊ တောင်ကြီးနှင့် ဝင်းကကျေးရွာများမှ အသက် (၁၇) နှစ်နှင့် (၃၀) ကြားရှိ လူငယ်များကို ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးမှုကို တောင်စွန်းအုပ်ချုပ်ရေးမှူး ကျင်နိုင်နှင့် ယွန်းဒလင်းကုန်းကျေးရွာမှ အောင်နိုင်တို့က ဦးဆောင်ခဲ့သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းပြီးနောက် မွန်ပြည်နယ်တွင် အပတ်စဉ် (၁၀) အတွက် စစ်မှုထမ်းသင်တန်းသား (၂,၀၀၀) ကျော်ကို စုဆောင်းထားပြီးဖြစ်ကြောင်း သိရသည်။

၂၀၂၅ ဇန်နဝါရီလမှစ၍ ဒေသတွင်း၌ စစ်မှုထမ်းသင်တန်းသား အတင်းအကြပ်စုဆောင်းခြင်းနှင့် ဖမ်းဆီးခြင်းများ သိသိသာသာ များပြားလာပြီး ပြည်သူအနည်းဆုံး အယောက် (၆၀) ကို အကြောင်းအမျိုးမျိုးဖြင့် ဖမ်းဆီးခဲ့သည်။ ၎င်းပြင် လူငယ် (၅၀) ကျော်မှာလည်း စစ်မှုထမ်းသင်တန်းသားအဖြစ် အဓမ္မစုဆောင်းခံခဲ့ရသည်။

အထက်ပါအခြေအနေများကြောင့် မွန်ပြည်နယ်တွင် လူငယ်လူရွယ်များ ဖမ်းဆီးခံရမှုသည် မြင့်မားနေပြီး စစ်တပ်သို့ အတင်းအဓမ္မပို့ဆောင်ခြင်း ခံနေရသည်။

## ဖေဖော်ဝါရီလ ၂၀၂၅

၂၀၂၅ ဖေဖော်ဝါရီလ (၂၅) ရက်နေ့ညတွင် မြိတ်ခရိုင် တနင်္သာရီမြို့မှ လူငယ် (၁၇) ဦးကို စစ်ကောင်စီက ဖမ်းဆီးခဲ့ပြီး စစ်သင်တန်းသို့ အတင်းအကြပ် ပို့ဆောင်ခဲ့သည်။ စစ်ကောင်စီတပ်သားများက အုပ်ချုပ်ရေးမှူးများနှင့်အတူ ညွှေ့စာရင်း စစ်ဆေးမည်ဟုဆိုကာ ချောင်းကြီးနှင့် ချောင်းငယ်ရပ်ကွက်များမှ လူငယ်များကို ဖမ်းဆီးသွားသည်။

"အဖမ်းခံရတဲ့သူအားလုံးက တနင်္သာရီကပဲ။ တချို့ကို ဆေးသုံးတယ်ဆိုပြီး စွပ်စွဲတယ်။ အများစုကတော့ ဘာအပြစ်မှ မရှိပါဘူး။ စစ်တပ်က ဖမ်းချင်လို့ ဖမ်းနေတာ" ဟု ချောင်းငယ်ရပ်ကွက်မှ ဒေသခံတစ်ဦးက ပြောသည်။

ဖမ်းဆီးထားသူများကို အောက်ကျင်းကျေးရွာ တနင်္သာရီတံတားအနီးရှိ အမှတ် (၅၅၇) ခြေလျင်တပ်ရင်းတွင် ထိန်းသိမ်းထားကြောင်း ဒေသခံများက ပြောသည်။ ၎င်းတို့က စစ်မှုထမ်းသင်တန်းသားအဖြစ် အဓမ္မစုဆောင်းမည် ဖြစ်သည်။

"မိသားစုတွေက စုံစမ်းတော့ စစ်မှုထမ်းရမယ်လို့ ပြန်ပြောတယ်။ ဆေးမှုနဲ့ဖမ်းတယ်ဆို ရုံးခန်းကို လွှဲပြီး အမှုဖွင့်ရမှာပေါ့။ အခုတော့ စစ်တပ်ကို လွှဲလိုက်တယ်" ဟု သတင်းရင်းမြစ်တစ်ဦးက ပြောသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းပြီးနောက်ပိုင်း တနင်္သာရီမြို့တွင် ပထမဆုံးအကြိမ် အစုလိုက်အပြုံလိုက် ဖမ်းဆီးခြင်းဖြစ်ကြောင်း ဒေသခံများက ပြောသည်။ ရှောင်တခင်ဖမ်းဆီးမှု များကြောင့် လူထုအကြား အကြောက်တရားနှင့် မသေချာမှုများ ပျံ့နှံ့နေပြီး လူငယ်များကို ဖမ်းဆီး ပြီး ၎င်းတို့၏သဘောဆန္ဒနှင့်ဆန့်ကျင်ကာ စစ်မှုထမ်းခိုင်းမည်ကို မိသားစုများက စိုးရိမ်နေသည်။

ဘားအံမြို့နယ် စစ်မှုထမ်းသင်တန်းသား စုဆောင်းရေးကော်မတီက ရပ်ကွက်တစ်ခုလျှင် သင်တန်းသား (၁) ယောက် ပေးပို့ရမည်ဟု ညွှန်ကြားထားကြောင်း ဒေသခံများက ပြောသည်။

အပတ်စဉ် (၁၀) အတွက် တစ်ရပ်ကွက်လျှင် သင်တန်းသားတစ်ယောက်နှုန်း ရရှိရန် အုပ်ချုပ်ရေးမှူးများက အာမခံထားရသည်။ စစ်မှုထမ်းမည့်သူ မရှိပါက လူစားထိုးရန်အတွက် တစ်အိမ်လျှင် (၅,၀၀၀) ကျပ်မှ (၃၀,၀၀၀) ကျပ်အထိ ပေးဆောင်ရမည် ဖြစ်သည်။

"အရင်ကလည်း ဒီလိုပဲ ငွေကောက်ဖူးတယ်။ ဝင်ငွေနည်းတဲ့အိမ်က (၅,၀၀၀) ပေးပေါ့။ ပိုက်ဆံရှိတဲ့သူတွေက (၃၀,၀၀၀) ကနေ (၁) သိန်းအထိ ပေးရတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

## ဖေဖော်ဝါရီလ ၂၀၂၅

အပတ်စဉ် (၉) အတွက် သင်တန်းသားစုဆောင်းချိန်တွင်လည်း အလားတူငွေကြေး ကောက်ခံမှုများ ပြုလုပ်ခဲ့သည့်အပြင် ဘားအံမြို့နယ် ရပ်ကွက်နှင့် ကျေးရွာတချို့မှ လူငယ်များကိုလည်း အတင်းအဓမ္မခေါ်ဆောင်သွားခဲ့သည်။ သင်တန်းသား မပို့နိုင်သည့် ရပ်ကွက်နှင့် ကျေးရွာများက စစ်မှုထမ်းခြင်းကို ရှောင်လွှဲနိုင်ရန်အတွက် တစ်အိမ်လျှင် ကျပ် (၅,၀၀၀) မှ (၁၀,၀၀၀) ကြား ပေးဆောင်နေရသည်။

၂၀၂၄ ခုနှစ် တစ်နှစ်တည်းတွင်ပင် ကရင်ပြည်နယ်မှ လူငယ် (၃၀၀) ကျော်ကို စစ်မှုထမ်း သင်တန်းသားအဖြစ် မတရားစုဆောင်းခဲ့ပြီး မွန်ပြည်နယ် သထုံနှင့် သံဖြူဇရပ် မြို့နယ်များရှိ စစ်သင်တန်းကျောင်းသို့ ပို့ဆောင်ခဲ့ကြောင်း စစ်တပ်နှင့်နီးစပ်သည့် သတင်းရင်းမြစ်က ပြောသည်။

စစ်မှုထမ်းသင်တန်းသား အဓမ္မစုဆောင်းခြင်းများနှင့်ပတ်သက်၍ ပြည်သူများက အလွန်အမင်း စိုးရိမ်ပူပန်နေပြီး စစ်မှုထမ်းအတွက် ငွေကြေးပေးဆောင်နေရသဖြင့် ဆင်းရဲနွမ်းပါးသည့် မိသားစုများအတွက် ငွေကြေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုး ဖြစ်နေသည်။

## လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးမြင့်လာခြင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်များက အန္တရာယ်များကြားတွင်ပင် မွန်၊ ကရင်နှင့် တနင်္သာရီဒေများ၌ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက် မှတ်တမ်းတင်ကောက်ခံနေသည်။ ၂၀၂၅ ဖေဖော်ဝါရီလအကုန်တွင် မတရားဖမ်းဆီးခံရမှု (၁၈၂) မှု၊ ချုပ်နှောင်ထိန်းသိမ်းခံရမှု (၁၃၅) မှု၊ ထိခိုက်ဒဏ်ရာ ရရှိမှု (၁၂၅) မှုနှင့် မတရားသတ်ဖြတ်ခံရမှု (၃၈) မှုတို့ ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

## ၂၀၂၅ ဖေဖော်ဝါရီလတွင် မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင် အပြစ်မဲ့ပြည်သူများ ဖမ်းဆီးခံရမှု၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သတ်ဖြတ်ခံရမှုအခြေအနေများ

ဖေဖော်ဝါရီလ ၂၀၂၅




2+

စစ်ကောင်စီက ထောင်ဒဏ်ချမှတ်ခဲ့သည့် ဒီမိုကရေစီအရေး ဆန္ဒပြသူများနှင့် တက်ကြွလှုပ်ရှားသူဦးရေ

## 9+

## ၂၀၂၅ ဖေဖော်ဝါရီလတွင်ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုအရေအတွက်

| 5 | 2 | 2 |
|---|---|---|
| တနင်္သာရီတိုင်းဒေသကြီး | မွန်ပြည်နယ် | ကရင်ပြည်နယ် |

## ၁၂၅,၀၀၀ +

### စီမံကိန်းဧရိယာအတွင်းရှိ ထပ်မံတိုးပွားလာသည့်စစ်ဘေးရှောင်ပြည်သူဦးရေ

### မွန်၊ ကရင်နှင့် တနင်္သာရီဒေသများရှိ စစ်ကောင်စီ၏ပစ်မှတ်ထားခြင်းခံရသည့် ပြည်သူများဦးရေ

| 5+ | 4+ | 43+ |
|---|---|---|
| အာဏာရှင်လက်အောက်တွင် အမှုမထမ်းခြင်း (CDM) ပြုလုပ်မှုကြောင့် ထောင်ဒဏ်ကျခံခဲ့ရသူဦးရေ | စစ်ကောင်စီတရားရုံးက ထောင်ဒဏ်ချမှတ်လိုက်သည့် တက်ကြွလှုပ်ရှားသူများဦးရေ | စစ်ကောင်စီက အစအနပျောက်လိုက်သည့် ပြည်သူများဦးရေ |

## 85+

မွန်နှင့်တနင်္သာရီဒေသတွင် အတင်းအဓမ္မငွေကြေးပေးဆောင်ရမှု (၇၀) ကျော် ဖြစ်ပွားခဲ့သည်။

## 250+

စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးပစ်ခတ်မှုနှင့် ဒရုန်းဖြင့်ဗုံးကြဲတိုက်ခိုက်မှု တို့ကြောင့် ပျက်စီးခဲ့သည့် လူနေအိမ်အရေအတွက်



## 80+

ကရင်ပြည်နယ်တောင်ပိုင်း၊ မွန်ပြည်နယ်အရှေ့ပိုင်းနှင့် တနင်္သာရီတောင်ပိုင်းတို့တွင် စစ်ကောင်စီက ဒေသခံပြည်သူများကို လူသားဒိုင်းအဖြစ်အသုံးပြုခဲ့မှုဖြစ်စဉ် အရေအတွက်

## 70+

စစ်ကောင်စီတပ်များက သန်းခေါင်စာရင်းကောက်ခံစဉ်နှင့် စစ်ကြောင်းထိုးစဉ်အတွင်း ဒေသခံပြည်သူများပိုင်ဆိုင်သည့် မော်တော်ယာဉ်အစီး (၆၅) ကျော်ကို အသုံးပြုစေခိုင်းခဲ့သည်။

## 300 +

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းဧရိယာတွင် စစ်ကောင်စီတပ်ရင်းများက ကျူးလွန်ခဲ့သည့် အဓမ္မငွေကြေးတောင်းခံမှုနှင့် အိုးအိမ်စည်းစိမ်လုယက်ဖျက်ဆီးမှု

## ကရင်ပြည်နယ်

- IDP ၄၀,၀၀၀+ ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ ၃၇ ဦးခန့်
- သေဆုံးသူ ၁၁ ဦးခန့်

မွန်ပြည်နယ်

တနင်္သာရီ တိုင်းဒေသကြီး

ပြင်းထန်သည့်တိုက်ပွဲများ၊ လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုများနှင့် လေကြောင်းတိုက်ခိုက်မှု များကြောင့် ကရင်ပြည်နယ် ကမမောင်းတွင် ဒေသခံပြည်သူထောင်ချီ ထွက်ပြေးတိမ်းရှောင် နေရသည်။ လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုကြောင့် ကျေးရွာများ ပျက်စီးနေကြောင်း၊ ဒေသခံပြည်သူများ ဘေးလွတ်ရာ တိမ်းရှောင်နေရကြောင်း မွန်ပြည် လူ့အခွင့်အရေးဖော်ဆောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်များက ပြောသည်။

ဖေဖော်ဝါရီလ (၁၄) ရက်နေ့တွင် ကရင်ပြည်နယ် ဘားအံမြို့နယ်မှ စစ်ကောင်စီ အမြောက်တပ်ရင်းက ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ (၁) ထိန်းချုပ်ရာ သံလွင်မြစ်ကြောင်းတလျှောက်ရှိ ဝတ်ကြီး ကျေးရွာအုပ်စုနှင့် ကမမောင်းအနီးတဝိုက်ရှိ ကျေးရွာများကို လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့သည်။ ကမမောင်းတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်စခန်းကလည်း အနီးအနားကျေးရွာများကို တာဝေးပစ်ဒုံးကျည်များအပါအဝင် လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။

၎င်းပြင် စစ်လေယာဉ်များကလည်း ဖားပေါင်ကျေးရွာနှင့် မီးဇိုင်းတောင်ကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ရာ အပျက်အစီးအများအပြား ဖြစ်ပေါ်ခဲ့သည်။ ဖားပေါင်တွင် နေအိမ်အများအပြား ထိခိုက်ပျက်စီးခဲ့ပြီး ရွာသားများလည်း ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

တိုက်ခိုက်မှုကြောင့် ဖားပေါင်နှင့် ကပ်ကျော်ကျေးရွာများမှ ဒေသခံပြည်သူများအပြင် ကမမောင်း မြို့ခံများသည် သံလွင်မြစ်ကို ဖြတ်ကူးကာ မြိုင်ကြီးငူစခန်းတွင် စစ်ဘေးရှောင် နေရသည်။

စစ်ရှောင်ပြည်သူများသည် စားနပ်ရိက္ခာရှားပါးမှုကို ရင်ဆိုင်ကြုံတွေ့နေရပြီး ရိက္ခာပြတ်လုနီးပါး ဖြစ်နေသည်။ ဖားပေါင်နှင့် အနီးတဝိုက်တွင် စစ်ရှောင်နေသူများက အစားအစာများ လုံလောက်စွာ ရရှိရန် ရုန်းကန်နေရပြီး လူသားချင်းစာနာထောက်ထားမှုအကူအညီအနည်းငယ်သာ ရရှိနေသည်။

တော်လှန်ရေးတပ်ဖွဲ့များက ကမမောင်းမြို့ကို ချီတက်လာနေကြကြောင်း၊ မြို့တွင်းရှိ စစ်ကောင်စီ၏ ဗျူဟာ စခန်းကုန်းကို တိုက်ခိုက်မည်ဖြစ်ကြောင်း ပြောဆိုနေကြသည်။ ထို့ကြောင့် စစ်ကောင်စီက အနီးအနားဝန်းကျင်ကို လက်နက်ကြီးနှင့် လေကြောင်းတိုက်ခိုက်မှုများကို အပြင်းအထန် လုပ်ဆောင်နေသည်။

ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် တပ်မဟာ (၅) မှ စစ်သည်များက ကမမောင်းမြို့ရှိ စစ်ကောင်စီတပ်စခန်းကို ချဉ်းကပ်လာကြောင်း ဒေသခံများက ပြောသည်။ တိုက်ပွဲဖြစ်လာ နိုင်သဖြင့် အနီးအနားကျေးရွာမှ ဒေသခံပြည်သူများကို (၃) ရက်အတွင်း ထွက်ခွာသွားကြရန် သတိပေးထားသည်။ အခြေအနေများ ပိုမိုဆိုးရွားလာပြီး စစ်ရှောင်ပြည်သူများလည်း အစားအစာ၊ အမိုးအကာနှင့် ဆေးဝါးများ အရေးတကြီးလိုအပ်နေသည်။ ပဋိပက္ခနယ်မြေတွင် ပိတ်မိနေသူများသည်လည်း စစ်ကောင်စီ၏ တိုက်ခိုက်မှုကို ကြုံတွေ့နိုင်သည့်အန္တရာယ် ရှိနေသည်။

## မွန်ပြည်နယ်

- IDP ၂၈,၀၀၀ + ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ ၃၃ ဦးခန့်
- သေဆုံးသူ ၁၀ ဦးခန့်

ကရင်ပြည်နယ်

တနင်္သာရီ တိုင်းဒေသကြီး

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ဝဲဝင်ကရာနှင့် စခန်းကြီး ကျေးရွာများတွင် စစ်ကောင်စီ တပ်သားများက တစ်အိမ်တက် တစ်အိမ်ဆင်း ရှာဖွေမှုပြုလုပ်နေသည်။ ၎င်းတို့တပ်စခန်းမှ စစ်ကောင်စီတပ်သား (၅) ား ထွက်ပြေးလွတ်မြောက်သွားသဖြင့် ရှာဖွေနေခြင်း ဖြစ်သည်။ အခြေအနေတင်းမာနေပြီး ဒေသခံပြည်သူများက ကြောက်ရွံ့နေကြသည်။

ဖေဖော်ဝါရီလ (၃) ရက်နေ့တွင် မရှိခဏတောင်ကုန်းနှင့် စခန်းကြီးကျေးရွာတွင် ယာယီတပ်စွဲ ထားသည့် ဝဲကလိ တပ်စခန်းမှ တပ်သား (၅) ဦးသည် နေ့လည်ပိုင်းတွင် ထွက်ပြေးသွားခဲ့သည်။

စစ်ကောင်စီတပ်ဖွဲ့ဝင် (၃၀၀) ကျော်က ဝဲကတာနှင့် စခန်းကြီးကျေးရွာရှိ နေအိမ်များကို ဝင်ရောက်စီးနင်းပြီး လုံခြုံရေးတင်းကြပ်ကာ (၃) ရက်ဆက်တိုက် ရှာဖွေမှု ပြုလုပ်နေသည်။

“စစ်သား (၅) ယောက် ထွက်ပြေးသွားတယ်လို့ စစ်အရာရှိက ရွာသားတွေကို ပြောတယ်။ အိမ်တွေကို ဝင်ရှာတယ်၊ လူတွေကို ဖမ်းတာ၊ ရိုက်တာတော့ မရှိဘူး။ ဒါပေမဲ့ စစ်သားတွေ အများကြီးဝင်လာတော့ တစ်ရွာလုံး ကလည်း လန့်ဖြန့်ကုန်တာပေါ့” ဟု မျက်မြင်အမျိုးသမီး တစ်ဦးက ပြောသည်။

ယခုဖြစ်စဉ်သည် ပထမအကြိမ် မဟုတ်ချေ။ ဇန်နဝါရီလ (၂၀) ရက်နေ့တွင်လည်း ၎င်းတပ်စခန်းမှ စစ်သား (၃) ဦး သည် တပ်စခန်းစွန့်ခွာသွားသဖြင့် အင်အား (၃၀၀) ကျော် ဖြင့်ပင် ဖဲဖဒေါ၊ ဝဲကတာ၊ ဝဲကလောင်း၊ ဝဲပတုပ်ကျေးရွာ များအပါအဝင် ဝဲဝင်ကရာကျေးရွာအုပ်စုရှိ ကျေးရွာများ ကို တင်းတင်းကြပ်ကြပ် ရှာဖွေခဲ့သည်။

ရှာဖွေမှု (၃) ရက်အတွင်း သွားလာမှုများကို ကန့်သတ် ကာ စီးနင်းမှုများကိုလည်း လုပ်ဆောင်ခဲ့သဖြင့် ဒေသခံ ပြည်သူများ ထိတ်လန့်တုန်လှုပ်ပြီး မသက်မသာဖြစ်ခဲ့ရ သည်။

ဇန်နဝါရီလ (၂၇) ရက်နေ့တွင်လည်း အလားတူဖြစ်ပျက်ခဲ့ ပြီး စခန်းကြီးကျေးရွာတွင် စခန်းချနေသည့် စစ်ကောင်စီ တပ်သား (၄) ဦးသည် စျေးဆိုင်တစ်ခုတွင် မုန့်များဝယ်ယူ ပြီးနောက် ထွက်ပြေးသွားကြသည်။

အဆိုပါဒေသတွင် စစ်ကောင်စီတပ်နှင့် တော်လှန်ရေး တပ်ဖွဲ့တို့အကြား တိုက်ပွဲများ မကြာခဏ ဖြစ်ပွားနေသ ဖြင့် တပ်စခန်းစွန့်ခွာမှုများလည်း အများအပြားဖြစ်ပွား နေသည်။

ဇန်နဝါရီလ (၂၀) ရက်နေ့ ညနေ (၄) နာရီတွင် ဖဲဖဒေါနှင့် ကုန်းမြင့်သာကျေးရွာကြားရှိ တောလမ်းတစ်ခုတွင် (၁) နာရီ ကြာ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ဝဲကလိအခြေစိုက် စစ်ကောင်စီ အမြောက်တပ်ရင်းက လက်နက်ကြီးဖြင့် ပစ်ခတ်သဖြင့် ရွာသား (၃၀၀) ကျော် ထွက်ပြေး တိမ်းရှောင်ခဲ့ရသည်။ လက်နက်ကြီး ပစ်ခတ်မှုကြောင့် (၆) နာရီကြာ တိမ်းရှောင်ခဲ့ရကြောင်း ရွာသား များက ပြောသည်။

မွန်ပြည်နယ်တွင် အခြေအနေများသည် တဖြည်းဖြည်း ပိုမိုဆိုးရွားလာသည်။ ၂၀၂၄ ဩဂုတ်လတွင် အနန်းကွင်းစစ်ဗျူကုန်းအနီးရှိ ကျေးရွာများကို စစ် ကောင်စီက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။ မိသားစု အမြောက်အမြား ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး စစ်ရှောင် ဦးရေ ပိုမိုတိုးပွားလာသည်။

စစ်သားများ တပ်စခန်းစွန့်ခွာခြင်းနှင့် စစ်ကောင်စီက ကျေးရွာများကို စီးနင်းရှာဖွေခြင်းတို့ကြောင့် ဒေသခံ ပြည်သူများအကြား အကြောက်တရားနှင့် စိုးရိမ်ပူပန်မှု ကြီးထွားနေသည်။ အကြမ်းဖက်မှု ဖြစ်ပွားနေသည့် ပတ်ဝန်းကျင်တွင် နေထိုင်နေရသဖြင့် လုံခြုံမှုကင်းမဲ့နေကြသည်။

ကရင်အမျိုးသားအစည်းအရုံး(ဗဟို)၏ ထုတ်ပြန်ချက်အရ ကျိုက်ထိုနှင့် ဘီးလင်းမြို့နယ်များရှိ ကျေးရွာ (၃) ရွာကို စစ်ကောင်စီက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ဖေဖော်ဝါရီလ (၁၃) ရက်နေ့တွင် ဗုံးကြဲခဲ့သည်။

ရွာသား (၃) ဦး သေဆုံးပြီး (၁၀) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ တစ်နေ့တည်းတွင်ပင် ကျိုက်ထိုမြို့နယ် ပိန္နဲကုန်းနှင့် ကော့ကပ်ကျေးရွာများနှင့် ဘီးလင်းမြို့နယ် တဂေးလောင်းချောင်းဖျားကျေးရွာကို ပေါင် (၅၀၀) ဗုံး (၃) လုံး ကြဲချခဲ့သည်။

ဗုံးကြဲမှုကြောင့် နေအိမ်အလုံး (၂၀) ကျော် ထိခိုက်ပျက်စီးခဲ့ပြီး ဘုရားစေတီ၊ ဘုန်းတော်ကြီးကျောင်းနှင့် ဘုရားရှိခိုးကျောင်းအပါအဝင် သာသနိကအဆောက်အဦးများ ထိခိုက်ပျက်စီးခဲ့သည်။ စစ်ကောင်စီက ပြည်သူလူထုကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်ဟု ကရင်အမျိုးသားအစည်းအရုံးက ပြစ်တင်ခဲ့သည်။

ဗုံးကြဲခံရသည့် ကျေးရွာ (၃) ရွာသည် ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ (၁) ထိန်းချုပ်ဒေသတွင် တည်ရှိသည်။ ဒေသခံများနှင့် တော်လှန်ရေးတပ်ဖွဲ့များနှင့် နီးစပ်သည့် သတင်းရင်းမြစ်က ပိန္နဲကုန်းကျေးရွာတွင် ထိခိုက်သေဆုံးသူများ ရှိခဲ့ပြီး ၎င်းတို့အနက် တော်လှန်ရေးတပ်ဖွဲ့ဝင် (၂) ဦး ကျဆုံးပြီး (၅) ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ပြောသည်။

၂၀၂၅ နှစ်စမှစ၍ သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံး ထိန်းချုပ်နယ်မြေများကို စစ်ကောင်စီက ဗုံးကြဲတိုက်ခိုက်မှုများ ပိုမိုလုပ်ဆောင်လာသည်။ နောက်ဆုံးလေကြောင်းတိုက်ခိုက်မှုကြောင့် ပိန္နဲကုန်းကျေးရွာမှ ဒေသခံပြည်သူ (၂၀၀) ကျော်သည် ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင် ခဲ့ရသည်။

ကျိုက်ထိုမြို့နယ်တွင်လည်း စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှု ပထဆုံးပြုလုပ်ခဲ့ရာ စစ်ကောင်စီက ပြည်သူလူထုကို ပစ်မှတ်ထားကာ ဒေါသတကြီးတိုက်ခိုက်နေကြောင်း သတိပေးလိုက်ခြင်း ဖြစ်သည်။

"လက်နက်ကြီးနဲ့ အပြင်းအထန်ပစ်ခတ်နေလို့ ရွာလုံးကျွတ် ထွက်ပြေးနေရတယ်။ ဒေသခံရွာသား (၂) ယောက်ကိုလည်း စစ်ကောင်စီတပ်သားတွေက ပစ်သတ်လိုက်တယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

လေကြောင်းတိုက်ခိုက်မှုအပြင် လက်နက်ကြီးပစ်ခတ်မှုကလည်း ဒေသခံပြည်သူတို့၏ သက်မွေးဝမ်းကြောင်းလုပ်ငန်းကို ခြိမ်းခြောက်နေသည်။ ကျိုက်ထိုမြို့နယ် မလွတ်ချောင်း ကျေးရွာကို ဝင်ရောက်စီးနင်းစဉ်အတွင်း ဒေသခံအမျိုးသား (၁) ဦးကို စစ်ကောင်စီတပ်က ပစ်သတ်ခဲ့သည်။ ဖေဖော်ဝါရီလ (၁၂) ရက်နေ့ ညနေ (၅) နာရီတွင် မလွတ်ချောင်းရွာသားဖြစ်သူ အသက် (၅၀) အရွယ် ဦးကျော်အောင်၏နေအိမ်ကို စစ်ကောင်စီတပ်သားများက ဝင်ရောက်စီးနင်းရှာဖွေပြီး ၎င်းကို ဖမ်းဆီးခဲ့သည်။ ဦးကျော်အောင်က ထွက်ပြေးရန် ကြိုးစားသဖြင့် သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။ သေနတ် (၃) ချက် ထိမှန်ပြီး ပွဲချင်းပြီး သေဆုံးခဲ့သည်။

ဦးကျော်အောင်သည် မြေပိုင်ရှင်တစ်ဦး ဖြစ်ပြီး မြေယာအငြင်းပွားမှုပြဿနာကြောင့် ၎င်းကို လာရောက်ဖမ်းဆီးခြင်းဖြစ်သည်ဟု ဆိုသည်။ ဖမ်းဆီးသတ်ဖြတ်ပြီးနောက် ရုပ်အလောင်းကို စစ်ကောင်စီတပ်က ယူဆောင်သွားသည်။ မိသားစုဝင်များကို ပြန်လည်ပေးအပ်ခြင်း မရှိချေ။ မွန်ပြည်နယ်တွင် မတရားဖမ်းဆီးမှုများနှင့် သတ်ဖြတ်မှုများ ပိုမိုဖြစ်ပွားလာသဖြင့် ပြည်သူများအကြား စိုးရိမ်ကြောက်လန့်မှုများ ကြီးစိုးလာသည်။

ကျိုက်မရောမြို့နယ် ချောင်းနှစ်ခွကျေးရွာတွင် နေအိမ်အလုံး (၂၀၀) ကျော်နီးပါးသည် စစ်ကောင်စီတပ်က အဆိုပါကျေးရွာကို ဝင်ရောက်တပ်စွဲပြီးနောက် ဖျက်စီးခံလိုက်ရသည်။

ကျေးရွာကို ထိန်းချုပ်ပြီး ရဲစခန်းတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်က စစ်ရှောင်ပြည်သူများ ထားရစ်ခဲ့ရသည့်

နေအိမ်များကို လုယက်ယူငင်နေသည်။

အိမ်သုံးပစ္စည်းများ၊ သွပ်ပြားများ၊ တံခါးများ၊ ပြတင်းပေါက်များနှင့် အိမ်တိုင်များကို ဖြုတ်ယူရောင်းချနေကြသည်။

“အိမ်အတော်များများကတော့ အဖြိုခံလိုက်ရပါပြီ။ စစ်တပ်ကတော့ ရောင်းလို့ရသမျှ အကုန်ယူတာပဲ။ အိမ်တွေကလည်း ပစ်ထားတာ ကြာလာတော့ အလိုလိုပျက်စီးကုန်တာလည်း ရှိတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

စစ်ကောင်စီတပ်သားများက ပေါ်ပေါ်ထင်ထင် လုယက်ယူဆောင်နေကြသော်လည်း ကျေးရွာအုပ်ချုပ်ရေးမှူးများက နှုတ်ဆိတ်နေသည်။ လုယက်ဖျက်ဆီးမှုများကို မြင်တွေ့နေရ သော်လည်း ထုတ်ဖော်တားမြစ်ရန် ကြောက်ရွံ့နေသည်။ ချောင်းနှစ်ခွရဲစခန်းတွင် စစ်ကောင်စီ တပ်သားနှင့် ရဲတပ်ဖွဲ့ဝင် (၁၂၀) ကျော် တပ်စွဲနေကြသည်။ ညဘက်တွင် လက်နက်ကြီး လက်နက်ငယ်များကို ရမ်းသမ်းပစ်ခတ်ပြီး ဒေသခံပြည်သူများကို ခြိမ်းခြောက်နေသည်။

၂၀၂၄ ဇူလိုင်လ (၂၁) ရက်နေ့တွင် တိုက်ပွဲများ မရှိတော့သဖြင့် ဒေသခံပြည်သူများ နေရပ်ပြန်လာနိုင်ပြီဖြစ်ကြောင်း စစ်ကောင်စီက လူသိရှင်ကြား ကြေညာခဲ့သည်။ သို့သော် နေရပ်ပြန်လာသူများသည် ၎င်းတို့နေအိမ်က နေထိုင်၍မရသည့်တိုင်အောင် ပျက်စီးနေသည်ကို တွေ့ရှိခဲ့ရပြီးနောက် စစ်ရှောင်အများအပြား ပြန်လာခြင်းမရှိတော့ချေ။ လက်ရှိအချိန်တွင် အိမ်ထောင်စု (၅၀) ခန့်သာ ကျေးရွာတွင် ပြန်လည်နေထိုင်နေကြသည်။

၂၀၂၃ ခုနှစ်တွင် တစ်လခွဲကျော်ကြာဖြစ်ပွားခဲ့သည့် တိုက်ပွဲအတွင်း နေအိမ် (၁၀၀) ကျော် မီးလောင်ပျက်စီးခဲ့ပြီး ဒေသခံပြည်သူ (၃၀,၀၀၀) ကျော် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ လပေါင်းများစွာကြပြီးနောက် ၎င်းတို့ကျေးရွာသည် တစ်စစီ အဖျက်စီးခံလိုက်ရသည်ကို ဒေသခံပြည်သူများက မျက်ဝါးထင်ထင် မြင်တွေ့ရခဲ့သည်။ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး အတွက် အာမခံချက် မရှိချေ။

### တနင်္သာရီ တိုင်းဒေသကြီး

- IDP ၅၇,၀၀၀+ ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ ၅၅ ဦးခန့်
- သေဆုံးသူ ၁၇ ဦးခန့်

ကရင်ပြည်နယ်
မွန်ပြည်နယ်

တနင်္သာရီတိုင်း ရေဖြူမြို့နယ် ကျေးရွာ (၄) ရွာမှ ဒေသခံပြည်သူ (၁,၀၀၀) ကျော်သည် စစ်ကောင်စီက ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းကို စစ်ကြောင်းထိုးနေသဖြင့် ထွက်ပြေးတိမ်းရှောင်နေရသည်။

ဇန်နဝါရီလ (၂၁) ရက်နေ့တွင် စစ်သားအင်အားအများအပြားသည် ထားဝယ်အထူးစီးပွားရေးဇုန်သို့ ဝင်ရောက်လာပြီး ရေဖြူမြို့နယ် နဘုလယ်ဒေသသို့ စစ်ကြောင်းထိုးလာသည်။ ဒေသခံပြည်သူ များက စိုးရိမ်ထိတ်လန့်ပြီး နဘုလယ်၊ မူးဒူး၊ နဘုသန်နှင့် သကြက်နီကျေးရွာများ ရွာလုံးကျွတ် ထွက်ပြေးတိမ်းရှောင်ပြီး နီးစပ်ရာတောတောင်များတွင် ခိုလှုံနေကြသည်။

### စစ်ကောင်စီထိုးစစ်ကြောင့် အကြောက်တရားများ ကြီးထွားလာခြင်း

၂၀၂၄ ခုနှစ်တွင် စစ်ကောင်စီတပ်က စစ်ကြောင်းတလျှောက် တွေ့ရှိခဲ့သည့် ရွာသားများကို ဖမ်းဆီးသတ်ဖြတ်ခြင်း၊ နေအိမ်များကို မီးရှို့ခြင်းနှင့် ပြည်သူလူထုကို အကြမ်းဖက်ခြင်းများကို တောက်လျှောက်ကျူးလွန်လာခဲ့သည်။ အဆိုပါ အဖြစ်အပျက်များသည် ဒေသခံပြည်သူများ အကြားတွင် “လောလောလတ်လတ်” ထင်ကျန်နေဆဲဖြစ်သဖြင့် စစ်ကြောင်းဝင်ရောက်လာ သည်နှင့်တစ်ပြိုင်နက် သတ်ဖြတ်ခြင်း၊ လုယက်ခြင်းနှင့် ဖျက်ဆီးခြင်းတို့ကို ကြောက်ရွံ့ကာ ထွက်ပြေးတိမ်းရှောင်သွားကြသည်။

ဇန်နဝါရီလ (၂၄) ရက်နေ့ နေ့ခင်း (၂) နာရီအချိန်တွင် အင်အား (၉၀) ပါ စစ်ကြောင်းတစ်ခုက မူးဒူးကျေးရွာအနီးရှိ တော်လှန်ရေးတပ်စခန်းကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာ တော်လှန်ရေးတပ်ဖွဲ့ဝင် (၃) ဦး ကျဆုံးခဲ့ရသည်။ စစ်ကြောင်းက အသက် (၁၄) နှစ်အရွယ် ကလေးငယ်တစ်ဦးကို ဖမ်းဆီးခေါ်ဆောင်သွားပြီး နောက်ပိုင်းတွင် အမျိုးသမီးများနှင့် ကလေးသူငယ်များကို ပြန်လည် လွှတ်ပေးခဲ့သည်။ မူးဒူးရွာသားအများစုသည် ဇန်နဝါရီလ (၃၁) ရက်နေ့အထိ နေရပ်မပြန်နိုင်ဘဲ ဘေးလွတ်ရာတွင် ပုန်းအောင်းနေရသည်။

### လုယက်ခြင်းနှင့် ဖျက်ဆီးခြင်း

စစ်ကြောင်းထိုးစဉ်အတွင်း စစ်ကောင်စီတပ်သားများက ယာဉ် (၁) စီးကို မီးရှို့ဖျက်ဆီးခဲ့ပြီး လက်နက်ခဲယမ်းများ၊ ငွေသား သိန်း (၁၂၀)၊ ရွှေဒင်္ဂါး (၁) ပြားနှင့် လက်ကိုင်

ဖုန်း (၅) လုံးကို သိမ်းယူသွားကြောင်း တော်လှန်ရေးရဲဘော်တစ်ဦးက ပြောသည်။ ဇန်နဝါရီလ (၂၅) ရက်နေ့ နံနက်တွင် စစ်ကြောင်းက မူးဒူးကျေးရွာမှ ထွက်ခွာသွားပြီး အရှေ့ဘက်သို့ ချီတက်သွားကြသည်။

## စစ်ကောင်စီနှင့် ရုရှားကြားက ရေနက်ဆိပ်ကမ်းသဘောတူညီချက်

စစ်ကြောင်းထိုးခြင်းကြောင့် ဒေသခံပြည်သူထောင်ချီ ထွက်ပြေးတိမ်းရှောင်နေရချိန်တွင် စစ်ကောင်စီက ရုရှားနိုင်ငံနှင့် ဆွေးနွေးပြီး ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းကို စတင်နိုင်ရန် လုပ်ဆောင်နေသည်။ ၂၀၂၃ နှစ်လယ်က ဆွေးနွေးချက်အရ စီမံကိန်းကို ၂၀၂၄ နှစ်ဆန်းပိုင်းတွင် အကောင်အထည်ဖော်မည်ဟု ကြေညာထားသည်။

၂၀၂၂ မှစ၍ စစ်ကောင်စီက ထားဝယ်အထူးစီးပွားရေးဇုန်တွင် မကြာခဏ စစ်ကြောင်းထိုးနေပြီး ဒေသခံပြည်သူများသည် ထွက်ပြေးတိမ်းရှောင်နေရသည်။ ၂၀၂၄ နိုဝင်ဘာလ (၇) ရက်နေ့တွင် စစ်ကြောင်းထိုးလာသဖြင့် ဒေသခံပြည်သူထောင်ချီ ထွက်ပြေးရပြန်သည်။ စစ်ကောင်စီ၏ စစ်ကြောင်းထိုးမှုနှင့် စီးပွားရေးဆိုင်ရာရည်မှန်းချက်တို့ကြောင့် ဒေသခံပြည်သူများသည် အကြမ်းဖက်မှုနှင့် အဓမ္မရွှေ့ပြောင်းခံရမှုတွင် ပိတ်မိနေသည်။ မည်သည့်အချိန်တွင် နေအိမ်သို့ ပြန်နိုင်မည်ကို မသိရှိနိုင်ချေ။

ရေဖြူမြို့နယ်နှင့် ထားဝယ်ခရိုင်ရှိ ကျေးရွာများတွင်လည်း စစ်ကောင်စီက လုံခြုံရေးတင်းကြပ် ထားပြီး တစ်အိမ်တက် တစ်အိမ်ဆင်း ရှာဖွေခြင်းနှင့် ကင်းလှည့်လည်ခြင်းများ လုပ်ဆောင်ကာ ပြည်သူများကို ခြိမ်းခြောက်နေသည်။ ဇာဒီကျေးရွာမှ ငါးဖမ်းလုပ်သားများကိုလည်း ဖမ်းဆီးခဲ့ပြီး ငါးဖမ်းလှေ (၃) စီးကိုလည်း သိမ်းယူခဲ့သည်။

ဖေဖော်ဝါရီလ ပထမနှင့် ဒုတိယအပတ်များတွင် စစ်ကောင်စီတပ်သားအများအပြားက နယ်မြေရှင်းလင်းရေးနှင့် လုံခြုံရေးစီမံချက်ဟုဆိုကာ ရေး - ထားဝယ်ကားလမ်း တလျှောက်နှင့် ကံပေါက်နှင့် ဇာဒီကျေးရွာများအနီးတဝိုက်တွင် ဝင်ရောက်လှုပ်ရှားနေကြသည်။

ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင် စစ်သားအင်အား (၂၀၀) နီးပါးက ကံပေါက်နှင့် ဇာဒီကို ဆက်သွယ်ထားသည့် လမ်းဟောင်းတလျှောက် ပယကျေးရွာ အနောက်ဘက်ရှိ သစ်တောကို ဝင်ရောက်ရှာဖွေခဲ့သည်။ စစ်ကောင်စီတပ်သားများက ရေလမ်းခရီးမှ ဝင်ရောက်လာပြီး ငါးဖမ်းလှေများကို သိမ်းယူကာ ကင်းလှည့်လည်မှုများကို ပိုမိုလုပ်ဆောင်နေကြောင်း ဇာဒီဒေသခံများက ပြောသည်။

ဒေသခံပြည်သူတစ်ဦးက "စစ်သား (၂၀၀) လောက်က ရေလမ်းကနေတဆင့် ဇာဒီကို ဝင်လာကြတာ။ ရောက်တာနဲ့ လှေတွေကို သိမ်းတော့တာပဲ။ စစ်သားတွေ အများကြီးရောက်လာတော့ လူတွေလည်း ထိတ်လန့်ကုန်တယ်" ဟု ပြောသည်။

ဖေဖော်ဝါရီလ (၁၀) ရက်နေ့ နေ့ခင်းအချိန်တွင် ရေဖြူမြို့နယ် ကမ်းခြေတွင် ကျောက်ချထားသည့် စစ်ရေယာဉ်က ဇာဒီချောင်းအနီးရှိ ငါးဖမ်းလှေ (၃) စီးကကို သိမ်းယူခဲ့သည်။ လှေပေါ်တွင်ပါရှိသည့် ငါးဖမ်းလုပ်သား အယောက် (၂၀) ကိုလည်း ဖမ်းဆီးခဲ့သည်။

"လှေပေါ်က ငါးဖမ်းသမားအယောက် (၂၀) လောက်ကို ဖမ်းလိုက်တယ်။ စစ်တပ်က သူတို့က နယ်မြေရှင်းလင်းရေးလုပ်နေတယ်လို့ ပြောတယ်။ နောက်ဘာတွေဆက်ဖြစ်လာမလဲဆိုတာ လူတွေက ကြောက်နေကြတယ်" ဟု ဇာဒီရွာသားတစ်ဦးက ပြောသည်။ ဖေဖော်ဝါရီလ (၁၁) ရက်နေ့တွင် ပယကျေးရွာမှ စစ်ကောင်စီတပ်သားများက ဇာဒီကျေးရွာအနီးရှိ သစ်တောတွင် စခန်းချနေဆဲဖြစ်ကြောင်း၊ အနီးအနားဝန်းကျင်တွင် ကင်းပုန်းဝပ်နေကြောင်း ဒေသခံများက ပြောသည်။

ဒေသတွင်း၌ စစ်ကောင်စီတပ်သားများ ဝင်ရောက်လာခြင်းကြောင့် မတရားဖမ်းဆီးမှုများလည်း ပိုမိုဖြစ်ပွားလာသည်။

ဖေဖော်ဝါရီလ (၆) ရက်နေ့တွင် သောင်းရင်းအင်းကျေးရွာမှ အသက် (၁၇) နှစ်အရွယ် ယောက်ျားလေးတစ်ဦးကို တောင်ရင်းအင်းလမ်းဆုံရှိ စစ်ဆေးရေးဂိတ်က ဖမ်းဆီးခဲ့သည်။ (၅) ရက်ကြာသည်အထိ ပြန်လည်လွှတ်ပေးခြင်း မရှိဘဲ ထိန်းသိမ်းထားသည်။ ကံပေါက်ဒေသ ဖားချောင်းကျေးရွာအုပ်စုသို့ သွားရောက်စဉ်တွင် မောရဝတီရေတပ်က ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

မျက်မြင်တစ်ဦးက "သူက ဂန့်ဂေါတောင်ကျေးရွာနားက ဆီဆိုင်မှာ သူ့ဆိုင်ကယ်ကို ဆီသွားဖြည့်တာ။ စစ်ကောင်စီတပ်သားတွေ ကင်းလှည့်တာနဲ့ တိုးတော့ သူ့ကို ရပ်ခိုင်းတယ်။ စစ်ဆေးပြီးတော့ ဖမ်းသွားတယ်" ဟု ပြောသည်။

စစ်ကောင်စီတပ်သားများသည် ရေး - ထားဝယ်ကားလမ်းတလျှောက်ရှိ ဇာဒီ၊ နှမ်းကြဲ၊ (၂၁) မိုင်၊ ကျောက်လုံးကြီးနှင့် ဥဿဖျားကျေးရွာများတွင် ဖေဖော်ဝါရီလ (၁၁) ရက်နေ့အထိ ရှိနေကြောင်း ဒေသခံများက ပြောသည်။ စစ်ကောင်စီတပ်က ကျောက်ရှပ်ကျေးရွာလမ်းကြောင်းကို အသုံးပြုပြီး စစ်အင်အားများကို ဖြည့်တင်းနေကြောင်း တော်လှန်ရေးရဲဘော်များက ပြောသည်။

တော်လှန်ရေးအင်အားစုများက စစ်ရေးလှုပ်ရှားမှု မပြုလုပ်သည့်အချိန်တွင် စစ်ကောင်စီက ဇာဒီဒေသတွင် အဘယ့်ကြောင့် စစ်အင်အားဖြည့်တင်းနေသည်ကိုမူ မသိရှိရချေ။ ဒေသတွင်းတွင် စစ်သားများ အများအပြား ရောက်ရှိလာသဖြင့် ဒေသခံပြည်သူများသည် ဖမ်းဆီးခံရမည်ကို စိုးရိမ်နေကြသည်။ ၎င်းပြင် တိုက်ပွဲဖြစ်ပွားလာပါကလည်း ထွက်ပြေးတိမ်းရှောင်ရမည်ကို စိုးရွံ့နေကြသည်။ အဆိုပါ ကြောက်ရွံ့စိုးရိမ်မှုများကြောင့် နေ့စဉ်လုပ်ငန်းဆောင်တာများကိုပင် လုပ်ကိုင်နိုင်ခြင်း မရှိချေ။

ရေဖြူမြို့နယ် ကျခတ္တပင်အင်းကျေးရွာတွင် တိုက်ပွဲဖြစ်ပွားခြင်း မရှိသော်လည်း စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ပစ်ခတ်နေသည်။ လက်နက်ကြီးကြောင့် အသက် (၅၂) အရွယ် ဒေါ်ခင်ဝင်း ထိခိုက်သေဆုံးခဲ့ရသည်။

ဖေဖော်ဝါရီလ (၂၀) ရက်နေ့ ညနေတွင် ကျေးရွာဘောလုံးကွင်းအနီးတွင် လက်နက်ကြီးကျရောက် ပေါက်ကွဲခဲ့ပြီး အနီးအနားနေအိမ်ကို လက်နက်ကြီးစ ထိမှန်ကာ ဒေါ်ခင်ဝင်းသည် ဒဏ်ရာရခဲ့သည်။ ကျောက်ကညာအခြေစိုက် အမှတ် (၃၀၄) အမြောက်တပ်က ပစ်ခတ်လိုက်ခြင်းဖြစ်ပြီး ကျေးရွာအတွင်းသို့ လက်နက်ကြီး (၃) လုံး ပစ်ခတ်ခဲ့သည်။ လက်နက်ကြီးကျည်တစ်လုံးသည် ဒေါ်ခင်ဝင်းကို ထိမှန်ခဲ့ပြီး ဦးခေါင်းနှင့် ခြေထောက်တို့တွင် ပြင်းထန်ဒဏ်ရာရခဲ့သည်။

“ပေါက်ကွဲမှုကြောင့် (၁၀) ပေလောက် လွင့်သွားတယ်။ ခန္ဓာကိုယ်အောက်ပိုင်းတစ်ခုလုံး စုတ်ပြတ်သွားတယ်။ ဆေးရုံကို ပို့နေတုန်း လမ်းမှာဆုံးသွားတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

ထားဝယ်ဆေးရုံသို့မရောက်မီ ဒေါ်ခင်ဝင်းသည် လမ်းခုလတ်တွင်ပင် သေဆုံးသွားခဲ့သည်။ ၎င်း၏အသုဘအခမ်းအနားကို ဖေဖော်ဝါရီလ (၂၁) ရက်နေ့တွင် ပြုလုပ်ခဲ့သည်။

လက်နက်ကြီး (၃) လုံးအနက် (၂) လုံးသည် ကျေးရွာအနီးတွင် ကျရောက်ပေါက်ကွဲခဲ့ပြီး (၁) လုံးသည် ကျေးရွာစာသင်ကျောင်းအနီးရှိ ဘောလုံးကွင်းတွင် ကျရောက်ပေါက်ကွဲခဲ့သည်။

# အရေးပါသည့်တွေ့ရှိချက်များ

၁. ငွေကြေးဖောင်းပွလာမှုက ပြည်သူလူထုကို အကြီးအကျယ်ထိခိုက်စေပြီး ၎င်းတို့သည် အခြေခံစားသောက်ကုန်များကိုပင် ဝယ်ယူရန် ခက်ခဲလာသည်။

၂. မွန်ပြည်နယ်တစ်ဝန်းလုံးတွင် သက်ငယ်လိင်ပိုင်းအကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာပြီး အာဏာပိုင်များက အရေးယူဆောင်ရွက်မှုမရှိကြောင်း မွန်အမျိုးသမီးအဖွဲ့များက သတိပေးထုတ်ပြန်ထားသည်။

၃. လက်နက်ကိုင်တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်မှုများ ဖြစ်ပေါ်နေပြီး နယ်မြေမတည်ငြိမ်မှုနှင့် စစ်ရေးတင်းမာနေမှုတို့က ပြည်သူများကို အိုးအိမ်စွန့်ခွာရန် ဖိအားပေးနေသည်။

၄. ရဲတပ်ဖွဲ့ဝင်များနှင့် စစ်တပ်လက်ကိုင်တုတ် ပြည်သူ့စစ်အဖွဲ့ဝင်များက တစ်အိမ်တက်တစ်အိမ်ဆင်း စစ်ဆေးနေပြီး ၎င်းတို့အလိုရှိသည့်သူများကို ဖမ်းဆီးနေသည်။

၅. အရေးပါသည့်လမ်းမတစ်လျှောက်တွင် တပ်စွဲထားသည့် စစ်ကောင်စီ၏ဂိတ်စခန်းများက ခရီးသွားပြည်သူများ၏ မော်တော်ဆိုင်ကယ်များ၊ လက်ကိုင်ဖုန်းများနှင့် ငွေကြေးဥစ္စာများကို သိမ်းယူနေသည်။ ကိုယ်ပိုင်ပစ္စည်းများကို ပြန်လည်ရရှိရန် ပြည်သူများက လာဘ်ငွေများ ပေးနေရသည်။ သို့သော် ပြည်သူအများစုမှာ လာဘ်ငွေပေးရန် မတတ်နိုင်ကြချေ။

၆. ညှဉ်းပန်းနှိပ်စက်ခြင်းသည် အချက်အလက်ကောက်ခံစုဆောင်းသည့်ဒေသများနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေပြီး သတင်းအချက်အလက်ရယူရန် စစ်ကောင်စီက ကျင့်သုံးနေသည့် ရက်စက်ကြမ်းကြုတ်သည့်နည်းလမ်းဖြစ်သည်။

၇. မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့်အခြေအနေများ သိသိသာသာပြောင်းလဲသွားရန် ကုလသမဂ္ဂနှင့် အာစီယံအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းများက လုံလောက်စွာဖိအားမပေးနိုင်ကြချေ။ နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့် မြန်မာ့အရေးကို အထူးအာရုံစိုက်ပြီး စစ်ကောင်စီကို တာဝန်ခံမှုရှိလာစေရန် လုပ်ဆောင်ရမည်ဖြစ်သည်။

၈. ပြစ်ဒဏ်မှကင်းလွတ်ခွင့်ကို တပ်မတော်အမည်ခံ စစ်တပ်က ဆက်လက်ရရှိနေပြီး အဆိုပါအခြေအနေကပင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်ရန် စစ်တပ်ကို အားပေးနေသည်။

၉. စစ်တပ်၏ပစ်မှတ်ထားတိုက်ခိုက်မှုတွင် ကလေးသူငယ်များလည်း ပါဝင်နေပြီး ကလေးသူငယ်များမှာ အစားအစာ၊ ပညာရေး၊ ဆေးကုသခွင့်နှင့် လုံခြုံစွာအသက်ရှင်နေထိုင်ခွင့်စသည့် အခြေခံအခွင့်အရေးများကို ဆုံးရှုံးနေသည်။

၁၀. မတရားဖမ်းဆီးခြင်းနှင့် တရားဥပဒေနှင့်မကိုက်ညီသော ထိန်းသိမ်းချုပ်နှောင်မှုများကို စစ်တပ်ကဆက်လက်လုပ်ဆောင်နေသည်။ ရှာဖွေခွင့်ဝရမ်း မပါရှိဘဲ ဝင်ရောက်စီးနင်းရှာဖွေခြင်းနှင့် လူနေကျေးရွာနှင့် ရပ်ကွက်များအတွင်းသို့ လက်နက်ကြီး လက်နက်ငယ်များဖြင့် ရမ်းသမ်းပစ်ခတ်ခြင်းများကို ပြုလုပ်နေသည်။

# တိုက်တွန်းတောင်းဆိုချက်များ

## နိုင်ငံတကာအစိုးရများနှင့် အဖွဲ့အစည်းများသို့

### ၁) တိကျသည့် အရေးယူပိတ်ဆို့မှုများ ချမှတ်ခြင်း

စစ်ခေါင်းဆောင်များ၊ လူ့အခွင့်အရေးချိုးဖောက်မှုများတွင် တိုက်ရိုက်ပါဝင်ပတ်သက်နေသူများ၊ စစ်ကောင်စီကို ဘဏ္ဍာရေးထောက်ပံ့ပေးနေသူများ၊ မြန်မာနိုင်ငံမှ သဘာဝဓာတ်ငွေ့ ထုတ်ယူခြင်းနှင့် ရောင်းချခြင်းတို့တွင် ပါဝင်လုပ်ဆောင်နေသူများကို အရေးယူပိတ်ဆို့မှုများ တိုးမြှင့်ချမှတ်ရမည်။

### ၂) တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လက်နက်ရောင်းဝယ်မှု ပိတ်ပင်ခြင်း

ပြည်သူလူထုနှင့် လူနည်းစုတိုင်းရင်းသားများကို အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုနေသည့် လက်နက်ပစ္စည်းများ စစ်ကောင်စီလက်ဝယ်သို့ မရောက်ရှိစေရန် လက်နက်ရောင်းဝယ်မှုကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် တားမြစ်ပိတ်ပင်ရမည်။

### ၃) အပြည်ပြည်ဆိုင်ရာ တာဝန်ယူတာဝန်ခံမှုယန္တရား ပေါ်ပေါက်လာရန် အားပေးခြင်း

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး ပေါ်ပေါက်လာစေရန် အားပေးရမည်။ သို့တည်းမဟုတ် နိုင်ငံတကာရာဇဝတ်မှုခုံရုံး (ICC) က စစ်ကောင်စီက ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် အပြစ်ပေးအရေးယူခြင်းများ လုပ်ပိုင်ခွင့်ရရန် အားပေးကူညီရမည်။ ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီကဲ့သို့သော အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံပြီး လွတ်လပ်သော စုံစမ်းစစ်ဆေးမှုများ ပေါ်ပေါက်လာစေရန် တိုက်တွန်းပြောဆိုရမည်။

### ၄) နယ်စပ်ဖြတ်ကျော်အကူအညီများ ပေးအပ်ခြင်း

ပဋိပက္ခနယ်မြေသို့ အကူအညီများ တိုက်ရိုက်ပေးအပ်နိုင်ခြင်း မရှိသဖြင့် နယ်စပ်ဖြတ်ကျော်အကူအညီများ ပေးအပ်နိုင်ရန် လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် အတူတကွ အလုပ်လုပ်ရမည်။ အကူအညီများသည် ထိခိုက်နစ်နာသူများထံသို့ အမှန်တကယ်ရောက်ရှိနိုင်ရန်အတွက် ယုံကြည်စိတ်ချရသည့် ဒေသခံအဖွဲ့အစည်းများမှတဆင့် အကူအညီများကို ပေးအပ်ရမည်။

### ၅) သန်းခေါင်စာရင်းကောက်ခံခြင်းကို လွတ်လပ်စွာစောင့်ကြည့်နိုင်ရန် ဖိအားပေးခြင်း

စစ်ကောင်စီက ကောက်ယူနေသော သန်းခေါင်စာရင်းနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်နေသည်။ ပွင့်လင်းမြင်သာမှု ရှိရန်နှင့် လူနည်းစုတိုင်းရင်းသားများ၏ ကိုယ်စားပြုမှုများ လွဲမှားမှု မရှိစေရန် အပြည်ပြည်ဆိုင်ရာ စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ရမည်။

## လူသားချင်းစာနာထောက်ထားမှုအလှူရှင်များသို့

### ၁) ဒေသခံအဖွဲ့အစည်းများကို ထောက်ပံ့မှုများ တိုးမြှင့်ခြင်း

ပကတိမြေပြင်တွင် လှုပ်ရှားနိုင်သည့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကဲ့သို့သော လူထုအခြေပြုအဖွဲ့အစည်းများကို ဘဏ္ဍာရေးထောက်ပံ့မှုများ ပြုလုပ်ရမည်။ မတရားစစ်မှုထမ်းခြင်း၊ အတင်းအဓမ္မရွှေ့ပြောင်းခံရခြင်းနှင့် အကြမ်းဖက်ခြင်းများ၏ သားကောင်များဖြစ်သည့် ဒေသခံပြည်သူများကို ကူညီစောင့်ရှောက်နိုင်ရန်အတွက် ကွန်ရက်များ စတင်ဖွဲ့စည်းထားရမည်။

### ၂) စိတ်ကျန်းမာရေးနှင့် ထိခိုက်ခံစားရမှုများအတွက် ပြန်လည်ထူထောင်ရေးကို ထောက်ပံ့ခြင်း

ပဋိပက္ခဒေသမှ ပြည်သူများ အထူးသဖြင့် ကလေးသူငယ်များတွင် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ ရှိနေသည်ကို အသိအမှတ်ပြုပြီး အဆိုပါပြဿနာကို ဖြေရှင်းနိုင်သည့် တုံ့ပြန်မှုများကို ပြုလုပ်ရမည်။ ထိခိုက်ခံစားရမှုများမှ ပြန်လည်သက်သာနိုင်ရန်အတွက် စိတ်ပိုင်းဆိုင်ရာ ကုစားရေးအစီအစဉ် များကို အလှူရှင်များက ဘဏ္ဍာရေးထောက်ပံ့မှုများ ပြုလုပ်ရမည်။

### ၃) ပြည်သူလူထုများကို ကာကွယ်နိုင်ရန်အတွက် လိုအပ်သည့်အရင်းအမြစ်များကို ပေးအပ်ခြင်း

ဒေသခံပြည်သူများက ဗုံးခိုကျင်းများ တူးဖော်နိုင်ရန်၊ လုံခြုံစိတ်ချသည့် နေရာတစ်ခု ဖန်တီးနိုင်ရန်နှင့် ရုတ်တရက်တိုက်ခိုက်ခံရမှုများကို ကြိုတင်သတိပေးနိုင်သည့် စနစ်တစ်ခု ထူထောင်နိုင်ရန်အတွက် ဘဏ္ဍာရေးထောက်ပံ့မှုများကို ပြုလုပ်ရမည်။

## အမျိုးသားညီညွတ်ရေးအစိုးရသို့

### ၁) သံတမန်ရေးရာထိတွေ့ဆက်ဆံမှုများကို ခိုင်မာအားကောင်းစေခြင်း

အာဆီယံနိုင်ငံများနှင့် ဒေသတွင်းမဟာမိတ်များ၏ ကူညီထောက်ပံ့မှု ရရှိရန် အားထုတ်မှုကို မြှင့်တင်ရမည်။ အမျိုးသားညီညွတ်ရေးအစိုးရကို ဒီမိုကရေစီစံနှုန်းများကို တန်ဖိုးထားပြီး လူနည်းစုတိုင်းရင်းသားများကို ကာကွယ်ပေးသည့် တရားဝင်အစိုးရအဖြစ် ပုံဖော်ဆောင်ရွက်ရမည်။

### ၂) တိုင်းရင်းသားအဖွဲ့များနှင့် ဆက်ဆံရေး မြှင့်တင်ခြင်း

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် ဆက်ဆံရေး ပိုမိုခိုင်မာစေရန်၊ တစ်သားတည်းဖြစ်စေရန် ကြိုးပမ်းလုပ်ဆောင်ရမည်။ ဖက်ဒရယ်စနစ်ကို ကတိပြုကြောင်း သေချာစေရမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ အနာဂတ်ဒီမိုကရေစီစနစ်တွင် လူနည်းစု တိုင်းရင်းသားများ၏ အခွင့်အရေးကို လေးစားရမည်။

### ၃) အရပ်သားလုံခြုံရေးဇုန် တည်ထောင်ခြင်း

အချိန်အတိုင်းအတာတစ်ခုအတွင်း အမျိုးသားညီညွတ်ရေးအစိုးရက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး နိုင်ငံတကာစောင့်ကြည့်လေ့လာသူများနှင့်အတူ အရပ်သားလုံခြုံရေးဇုန်များကို တည်ထောင်ရမည်။ အရပ်သားလုံခြုံရေးဇုန်များက အတင်းအဓမ္မ ရွှေ့ပြောင်းခံရမှုနှင့် စစ်ကောင်စီ၏ တိုက်ခိုက်မှုကြောင့် ဖြစ်ပေါ်လာသည့် ထိခိုက်သေဆုံးမှုများကို လျှော့ချပေးနိုင်မည်ဖြစ်သည်။

## ပါဝင်ပတ်သက်သူများအားလုံးသို့

၁) မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေများ မီဒီယာစာမျက်နှာထက်သို့ ရောက်ရှိနိုင်ရန် စည်းရုံးလှုံ့ဆော်ခြင်း၊ အသိပေးခြင်း

မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေများကို ပုံမှန်တင်ပြပေးရန် နိုင်ငံတကာမီဒီယာများကို တွန်းအားပေးရမည်။ စစ်ကောင်စီ၏ အကြမ်းဖက်မှုများ၊ လူနည်းစုတိုင်းရင်းသားများကို ပစ်မှတ်ထားမှုများ၊ အတင်းအဓမ္မစစ်မှုထမ်းခိုင်းခြင်းများနှင့် လွတ်လပ်စွာသွားလာခွင့်ကို ကန့်သတ်ခြင်းများကို မီးမောင်းထိုးပြရမည်။

### ၂) လုံခြုံစိတ်ချစွာ ဆက်သွယ်လုပ်ကိုင်နိုင်ရန်အတွက် အင်တာနက်လုံခြုံရေးဆိုင်ရာ အသိပညာပေးမှုများ လုပ်ဆောင်ခြင်း

ပြည်သူလူထုနှင့် တက်ကြွလှုပ်ရှားသူများက ၎င်းတို့၏ ဆက်သွယ်ပြောဆိုလုပ်ကိုင်မှုအားလုံးကို ကာကွယ်နိုင်ရန် အင်တာနက်လုံခြုံရေးအသိပညာပေးသင်တန်းများအတွက် လိုအပ်သည့်အရင်းအမြစ်များကို ထောက်ပံ့ပေးအပ်ရမည်။ အထူးသဖြင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ထိုကဲ့သို့သောထောက်ပံ့မှုများကို တိုးမြှင့်ပေးအပ်ရမည်။

### ၃) မပေါက်ကွဲသေးသည့် စစ်ကျန်ပစ္စည်းများနှင့် မြေမြှုပ်မိုင်းများ၏ အန္တရာယ်အကြောင်း အသိပညာပေးခြင်း

ပဋိပက္ခဒေသများတွင် ဒေသခံပြည်သူများ အထူးသဖြင့် ကလေးသူငယ်များကို ထိခိုက်သေဆုံးမှုဖြစ်စေသည့် မပေါက်ကွဲသေးသည့် စစ်ကျန်ပစ္စည်းများနှင့် မြေမြှုပ်မိုင်းများ၏ အန္တရာယ်အကြောင်းကို အသိပညာပေးနိုင်ရန်အတွက် ပညာပေးသင်တန်းများ စတင်နိုင်ရန် ဘဏ္ဍာရေးထောက်ပံ့မှုများ ပေးအပ်ရမည်။

# Monthly Overview

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

ဖေဖော်ဝါရီလ ၂၀၂၅ ခုနှစ်